ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသော ခရီးကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သော အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)


၁၃၈၀ ပြည့်နှစ် ပြာသိုလဆန်း ၆ ရက်၊ သောကြာနေ့။ Friday 11 January 2019 ၉၅၂၈


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ တက်ရောက်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ တက်ရောက်စဉ်။

မြစ်ကြီးနား ဇန်နဝါရီ ၁၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးမင်းသူ၊ ဦးအုန်းဝင်းနှင့် ဒေါက်တာဝင်းမြတ်အေး၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောဝင်းအတွင်းကျင်းပသည့် (၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ တက်ရောက်သည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

**ယနေ့ သတင်း အညွှန်း**

မန္တလေး ရတနာမောလ် အပြည်ပြည်ဆိုင်ရာ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းပြပွဲသို့ ရတနာကုန်သည် တစ်သောင်းခန့် ဖိတ်ကြားထား စာမျက်နှာ » ၆

စီးပွားရေးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နိုင်ခဲ့သည့် သီလဝါအထူးစီးပွားရေးဇုန် စာမျက်နှာ » ၈


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

## မျှော်လင့်ချက် လက်တွေ့အကောင်အထည်ဖော်

မြန်မာပြည်ကြီး စတင်ဖြစ်တည်ရာဒေသ၊ ဧရာဝတီမြစ်ကြီး စတင်စီးဆင်းရာနေရာသည် ကချင်ပြည်နယ် မြောက်ဖျားဖြစ်သည်။ သဘာဝသယံဇာတများနှင့် အလှအပများ ပေါများကြွယ်ဝသည့် ထိုဒေသတွင် အလှအပများမှာ တိမ်သလာဖုံးနေသည်။ သဘာဝတောတောင်အလှအပ အရင်းအမြစ်များကို အများပြည်သူတို့ လွတ်လပ်ပွင့်လင်းစွာ အသုံးမပြုနိုင်။ ရံဖန်ရံခါတွင် သေနတ်သံများ၊ အချို့နေရာများတွင် တိုက်ပွဲရှောင်တိုင်းရင်းသားပြည်သူများ ရှိနေဆဲဖြစ်သည်။

အကယ်၍သာ အဆိုပါဒေသတစ်ခွင်လုံး ငြိမ်းချမ်းသာယာနေမည်ဆိုလျှင် ထိုဒေသမှာ မလွဲဧကန် ဖွံ့ဖြိုးတိုးတက်လာမည်မှာအမှန်။ ထိုဒေသ၏ အိမ်နီးချင်းနိုင်ငံ ပတ်ဝန်းကျင်ကို ကြည့်မည်ဆိုလျှင် ငြိမ်းချမ်းသာယာခြင်း၏ အနှစ်သာရများအား မြင်တွေ့နိုင်မည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ပြီး ခရီးသွားလုပ်ငန်းများ ပေါများရာ အကောင်းဆုံးဒေသဖြစ်သည်။ ပြည်သူများမှာ အလုပ်အကိုင်အခွင့်အလမ်းကောင်းများစွာဖြင့် အေးချမ်းပျော်ရွှင်စွာ နေထိုင်နိုင်ကြသည်။

"ကချင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းသွားပါက ဆယ်နှစ်တာကာလအတွင်းမှာပင် အရှိန်အဟုန်ဖြင့် ထူးထူးကဲကဲ တိုးတက်လာနိုင်မည့် အနေအထားကို စိတ်ကူးပုံဖော် မျှော်မှန်းကြည့်ကြစေလိုပါသည်။ ပြည်နယ်သူ ပြည်နယ်သားများအနေဖြင့်လည်း ငြိမ်းချမ်းသာယာဖွံ့ဖြိုးသည့် ကချင်ပြည်နယ်၏ အိပ်မက်ကို နှစ်ပေါင်းများစွာ မျှော်လင့်လျက်ရှိကြပါသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံအစည်းအဝေးများသို့ ကချင်ပြည်နယ်ကိုယ်စားပြု တက်ရောက်မှုများ မြင်တွေ့ရမည့်နေ့ကို အားလုံးကလည်း မျှော်လင့်စောင့်စားလျက်ရှိပါသည်" ဟု (၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ နိုင်ငံတော်သမ္မတပေးပို့သည့် သဝဏ်လွှာတွင် ပါရှိသည်။

ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ မချုပ်ငြိမ်းနိုင်သည့် အကျိုးရလဒ်သည် တိုင်းရင်းသားပြည်သူများ အကျိုးမဖြစ်၊ ဒုက္ခရောက်စေသည်သာမက ဒေသဖွံ့ဖြိုးမှုလည်း ဆုတ်ယုတ်စေသည်။ ထို့အပြင် နိုင်ငံ၏ ပုံရိပ်ကျဆင်းစေသည်သာမက ကမ္ဘာ့နိုင်ငံများနှင့်ဒေသတွင်းနိုင်ငံများ အလယ်တွင် မျက်နှာငယ်နေရသည်။ ထိုသို့ ဖြစ်ရခြင်းသည် မတူကွဲပြားမှုများ များပြားစွာရှိနေသည့် မြန်မာနိုင်ငံတွင် တိုင်းရင်းသားအားလုံး တန်းတူရည်တူ၊ သဟဇာတရှိစွာဖြင့် ရေရှည်အတူယှဉ်တွဲနေထိုင်နိုင်မှသာလျှင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး တိုင်းရင်းသားဒေသများဖွံ့ဖြိုးကာ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲနေမည်ဖြစ်သည်။

ထို့ကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်နေသည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်နေသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် ကချင်တိုင်းရင်းသားပြည်သူများသာမက မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ မျှော်လင့်ချက်များကို အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ တိုင်းရင်းသားပြည်သူများ၏ မျှော်မှန်းချက်၊ တိုင်းရင်းသားပြည်သူများ၏အိပ်မက်များကို လက်တွေ့အကောင်အထည်ဖော်ရန် ပြင်ဆင်ခြင်းဖြစ်သည်။

အတိတ်၊ ပစ္စုပ္ပန်တွင် ကြုံတွေ့ရသော အတွေ့အကြုံများ၊ သင်ခန်းစာများကိုရယူ၍ တန်းတူညီမျှရေး၊ ယုံကြည်မှုတည်ဆောက်ရေးကို ဦးစွာယုံကြည်နားလည် လက်ခံပေးသင့်ကြသည်။ မျှော်လင့်ချက်အိပ်မက်များကို အမှန်တကယ်အကောင်အထည်ဖော်နေပြီလားဟု ဆန်းစစ်လေ့လာသုံးသပ်ကြည့်သင့်သည်။ လက်ရှိတွင် နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားအတွက် လက်တွေ့အကောင်အထည် ဖော်ပေးနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ တိုင်းရင်းသားအချင်းချင်း ညီအစ်ကိုမောင်နှမစိတ်ဓာတ်ဖြင့် ရန်စိတ်နည်းအောင် ကြိုးပမ်းအားထုတ်သင့်သည်။ ဘိုးဘွားအမွေအနှစ် ပြည်ထောင်စုစိတ်ဓာတ်ကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သင့်သည်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသည် တိုင်းရင်းသားပြည်သူများအားလုံး၏ မျှော်မှန်းချက်ဖြစ်သည်။ အိပ်မက်ဖြစ်သည်။

သို့ဖြစ်ရာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး ခရီးလမ်းပေါ်တွင် ကချင်ပြည်နယ်တွင် မှီတင်းနေထိုင်သော တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးသာမက ပြည်ထောင်စုကြီးအတွင်းမှ တိုင်းရင်းသားပြည်သူအားလုံး ရေရှည်တည်တံ့ခိုင်မြဲသည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိရေး လုပ်ငန်းစဉ်များတွင် ညီညီညွတ်ညွတ် ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ကြခြင်းဖြင့် တိုင်းရင်းသားပြည်သူများ၏ မျှော်လင့်ချက်များ အကောင်အထည်ပေါ်လာလိမ့်မည်ဟု ယုံကြည်ပါသည်။ ။

## မြန်မာ-ဂျပန် ဂီတပွဲတော် ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့များတွင် ကျင်းပမည်



**ရန်ကုန် ဇန်နဝါရီ ၁၀**

မြန်မာ-ဂျပန်ဂီတပွဲတော် "Myanmar National Symphony Orchestra with Japan Concert 2019" ကို မြန်မာ့ရိုးရာဆိုင်းအပါအဝင် ဂျပန်ရိုးရာဂီတများဖြင့် ရန်ကုန်မြို့၊ နေပြည်တော်နှင့် မန္တလေးမြို့များတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့ ဆီဒိုးနားဟိုတယ်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

နှစ်စဉ်ကျင်းပလေ့ရှိသည့် အဆိုပါ ဂီတပွဲတော်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကဦးစီး၍ ၂၀၁၈ ခုနှစ်မှ ကြိုတင်ပြင်ဆင်ထားပြီး မြန်မာ့အသံမှ ဂီတပညာရှင် ၆၀ အပါအဝင် မြန်မာ့ရိုးရာဆိုင်းနှင့် Music Band မှ ဂီတပညာရှင်များနှင့် ဂျပန်နိုင်ငံမှ ဂီတပညာရှင်များ ဂီတပညာရှင် စုစုပေါင်း ၁၂၀ ကျော် ပါဝင်တင်ဆက်ကြမည်ဖြစ်ကြောင်း MRTV ဂီတဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာတိုးကျော်က ပြောကြားသည်။

ဂျပန်ဖောင်ဒေးရှင်း (ရန်ကုန်)မှ ညွှန်ကြားရေးမှူး Mr. Koji Sato က ပူးပေါင်းဖျော်ဖြေတင်ဆက်သွားရန် ၁၈ ကြိမ်မျှ လေ့ကျင့်သင်ကြားပေးပြီး သုံးည ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဂီတချစ်မြတ်နိုးသူများ လာရောက်ကြည့်ရှုစေလိုကြောင်း ပြောကြားသည်။

နိုင်ငံတော်သံစုံတီးဝိုင်း၏ ဂီတမှူး၊ ဆယ်လိုတီးခတ်သူ မစ္စတာယာမာမိုတိုယုနိစကဲ၊ မြန်မာနိုင်ငံတော် သံစုံတီးဝိုင်းအကြံပေးဖြစ်သူ စန္ဒရားပညာရှင် မစ္စ ခိုယာမာကျိုကိုနှင့် Kuroda Reison၊ Ajima Mihoko၊ Kamiya Shunichiro တို့က ယခုပွဲတွင် ပူးပေါင်းတင်ဆက်မည်ဖြစ်ပြီး နားပန်းဆံနှင့် ရွှေဘိုသနပ်ခါးအပါအဝင် အနောက်တိုင်းနှင့် ဂျပန်သံစဉ်များ ဂန္ထဝင်သီချင်းများ ပါဝင်ကြောင်း သိရသည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဂျပန်သံရုံး၊ ဂျပန်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ဇန်နဝါရီ ၁၈ ရက် တွင်လည်းကောင်း၊ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ(၂) MICC-2 ၌ ဇန်နဝါရီ ၂၃ ရက်တွင်လည်းကောင်း၊ မန္တလေးမြို့ရှိ အမျိုးသားဇာတ်ရုံ၌ ဖေဖော်ဝါရီ ၁၄ ရက်တွင်လည်းကောင်း ညနေ ၆ နာရီမှ စတင်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဂီတပွဲတော်ကို ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)ရှိ ဇန်နဝါရီ ၂၄ ရက်တွင် ဖွင့်လှစ်မည့် ဂျပန်ဖောင်ဒေးရှင်း ရုံးသစ်ဖွင့်ပွဲ အထိမ်းအမှတ်နှင့် Mekong-Japan Exchange Year 2019 အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်ပြီး ဂျပန်နိုင်ငံအစိုးရက အမေရိကန်ဒေါ်လာ ကိုးသောင်းတန် ဂီတတူရိယာ ၁၉ မျိုးကို လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သစ္စာအားမာန် အမျိုးသမီးအသင်း ဂိုးပြတ်အနိုင်ရလဒ်ဖြင့် ဆက်လက်ဦးဆောင်

**ရန်ကုန် ဇန်နဝါရီ ၁၀**

၂၀၁၈-၂၀၁၉ ဘောလုံးရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆) တတိယနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ သစ္စာအားမာန်အသင်း နိုင်ပွဲဆက်ပြီး ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

သစ္စာအားမာန်အသင်းသည် ဂန္ဓမာအသင်းကို သုံးဂိုးပြတ်အနိုင်ရပြီး ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ဂန္ဓမာအသင်းကလည်း အမှတ်ရယူနိုင်ရန် ကြိုးပမ်းခဲ့ရာ သစ္စာအားမာန်အသင်းအနေဖြင့် နိုင်ပွဲရယူနိုင်ရန် ပုံမှန်ထက်အားပိုထည့်ကစားခဲ့ရသည်။

သစ္စာအားမာန်အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ရာသီဝက်ချန်ပီယံဖြစ်ရန် အခြေအနေကောင်းသွားပြီဖြစ်ပြီး မြဝတီအသင်းကို ပထမအကျော့နောက်ဆုံးပွဲတွင် သရေကစားနိုင်ရုံဖြင့် ရပ်တည်နိုင်မည်ဖြစ်သည်။ ၃၈ မိနစ်တွင် ခင်မိုးဝေက သစ္စာအားမာန်အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ပွဲပြီးခါနီး ကိုးမိနစ်အလိုမှသာ နောက်ထပ်အနိုင်ဂိုးများရခဲ့သည်။ အနိုင်ဂိုးများကို ၈၁၊ ၉၀ မိနစ်တွင် ဂျူလိုင်ကျော်က သွင်းယူခဲ့သည်။

ပွဲစဉ် (၆) နောက်ဆုံးနေ့ကို ဇန်နဝါရီ ၁၁ ရက် ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး အား/ကာသိပ္ပံအသင်းနှင့် အား/ကာဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

## နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်များ၏အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ သထုံ၌ ကျင်းပမည်

**သထုံ ဇန်နဝါရီ ၁၀**

မွန်ပြည်နယ် သထုံမြို့နယ် ဂေါ့ကျေးရွာရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ)တွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကွန်ပျူတာတက္ကသိုလ်တို့ပူးပေါင်းကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်များ၏အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ကွန်ပျူတာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် သထုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လှဲ့၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူ၊ ကွန်ပျူတာတက္ကသိုလ်(သထုံ)မှ ပါမောက္ခ ကျောင်းအုပ်ကြီး ဒေါက်တာဝင်းဌေးနှင့် သချာင်္ပါမောက္ခ (ဌာနမှူး) ဒေါက်တာခင်နှင်းနှင်းသိန်းတို့က ဦးဆောင် ဆွေးနွေးကြမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် စိတ်ပါဝင်စားသူများကလည်း ပါဝင်ဆွေးနွေးသွားကြမည်ဖြစ်ကာ မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇန်နဝါရီ ၁၀**

ရန်ကုန်(ရွှေဈေး) ၁၀၄၈၅၀၀ - ၁၀၄၈၅၀၀ မန္တလေး(ရွှေဈေး) ၁၀၄၈၅၀၀ - ၁၀၄၈၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | | မန္တလေး | |
|---|---|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၉၀/၈၉၀ | ကျပ် | ၈၉၅/၉၀၀ | ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၉၉/၇၉၀ | ကျပ် | ၈၃၅/၈၄၅ | ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၂၀/၇၁၀ | ကျပ် | ၇၄၀/၇၄၅ | ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၉၉/၉၀၀ | ကျပ် | ၉၁၀/၉၁၅ | ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၂၀/၈၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၃၀/၈၃၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၈၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၄. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၇၁. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၅. ၀၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈. ၀၂၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၃. ၆၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၇၄၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၂၁. ၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၆. ၉၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၈. ၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၃၃. ၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဉ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957 — ၁၉၅၇ ခုနှစ် ဒီ ၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၉၉၄၂၇

✻ ရွှေဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်သည့် အဖွဲ့ဝင်များနှင့်အတူ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တေဇကျော်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မနောပွဲဖြစ်မြောက်ရေးကော်မတီဝင်များ၊ တိုင်းရင်းသားမျိုးနွယ်စုများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**ဂုဏ်ပြုသဝဏ်လွှာဖတ်ကြား**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ပေးပို့သည့် (၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့ ဂုဏ်ပြုသဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် "ကချင်ပြည်နယ်နေ့ အခမ်းအနားကို ကြွရောက်လာကြတဲ့ ကျွန်မတို့ရဲ့ ပြည်ထောင်စုသားသမီးတွေ ကိုးကွယ်တယ်ဆိုတာ ဘာကြောင့်ကိုးကွယ်တာလဲ။ နတ်တွေကို ကိုးကွယ်ကြတယ်။ ကိုယ်ယုံကြည်တဲ့ ဘုရားတွေ၊ ဘာသာတွေကို ကိုးကွယ်ကြတယ်။

"ကိုးကွယ်ခြင်းဆိုတာ အားကိုးခြင်းပါပဲ။ နတ်တွေ ကိုးကွယ်တယ်၊ နတ်တွေကို အားကိုးတယ်။ ဘုရားသခင်ကိုအားကိုးတယ်၊ ဘုရားသခင်၊ နတ်၊ သိကြားတွေကတော့ ကျွန်မတို့လူသားတွေကို မိမိကိုယ်မိမိအားကိုးစေချင်ကြပါတယ်။ မိမိကိုယ်မိမိ အားကိုးစေနိုင်တဲ့ အစွမ်းသတ္တိတွေ မွေးမြူဖို့ဆိုတာ ပြည်ထောင်စုတိုင်းရင်းသားအားလုံးရဲ့ တာဝန်ဖြစ်ပါတယ်။ ဒီလိုအစွမ်းသတ္တိတွေရှိမှ ကျွန်မတို့နိုင်ငံကို ကျွန်မတို့လိုချင်တဲ့ တိုင်းပြည်ကြီးတစ်ခုဖြစ်အောင် တည်ထောင်နိုင်မှာပါ။

**နေ၊ လကဲ့သို့ ကျင့်သုံး**

"နိုင်ငံတော်အစိုးရဖြစ်စေ၊ ပြည်နယ်အစိုးရ ဖြစ်စေ၊ အစုအဖွဲ့တွေကခေါင်းဆောင်တွေပဲဖြစ်စေ ဦးဆောင်မှုပေးတဲ့ ပုဂ္ဂိုလ်တိုင်းဟာ နေ၊ လကဲ့သို့ကျင့်သုံးရမယ်ဆိုတဲ့ အဆိုလည်းရှိပါတယ်။ နေဆိုတာမနက်ထိုးပြီး မျက်စိမသက်မသာဖြစ်အောင်လုပ်ဖို့မဟုတ်ဘူး။ ဒါကိုဦးဆောင်မှုပေးတဲ့သူအားလုံးက နှလုံးသွင်းဖို့လိုပါတယ်။

**လက သစ္စာရှိတယ်**

"လလိုကျင့်သုံးရမယ်ဆိုတာ နေမရှိတဲ့အခါမှာ၊ နေဝင်သွားတဲ့အခါမှာ ရွှေးလူသားတွေဟာ လကိုအားကိုးရတယ်။ လကိုအားကိုးတော့ လနဲ့နေမတူတာက လကနေ့တိုင်းထွက်တာမဟုတ်ဘူး။ နေကလည်း နေ့တိုင်းထွက်တယ်ဆိုပေမယ့် မိုးအုံ့တဲ့အခါ၊ နှင်းတွေသိပ်သည်းတဲ့အခါ နေရောင်ခြည်ကို ရတာမဟုတ်ဘူး။ လကျတော့ လကွယ်ရက်၊ လပြည့်ရက်၊ ကြားရက်တွေရှိတယ်။ ဒါပေမယ့် ဘယ်တော့မဆို လကိုအချိန်မှန်မှန် ပြန်ပြီးပေါ်ထွက်လာမယ်ဆိုပြီး လူသားတွေကမှန်းလို့ရတယ်။ လဆိုတာ တဖြည်းဖြည်းဆန်းလာတယ်၊ နောက်ပြီး လကြီးက ပြည့်လာတယ်၊ ပြည့်ပြီးတော့ တဖြည်းဖြည်းဆုတ်လာတယ်၊ ဆုတ်ပြီးတော့ ကွယ်သွားတယ်။ ကွယ်ပြီးရင်လည်း ပြန်ပြီးတော့ပေါ်လာတယ်။ လူသားတွေက ခန့်မှန်းနိုင်တဲ့အခါ လကသစ္စာရှိတယ်

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။**





အားလုံးကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။ ဒီလိုတိုင်းရင်းသားမျိုးစုံ စုဝေးနိုင်တယ်ဆိုတာ ကျွန်မတို့နိုင်ငံရဲ့ ဂုဏ်သိက္ခာလည်းဖြစ်ပါတယ်။ ဂုဏ်ယူစရာ၊ ဝမ်းသာစရာကိစ္စတစ်ခုလည်း ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ ငြိမ်းချမ်းရေးလိုအပ်မှုနဲ့ပတ်သက်လို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က သဝဏ်လွှာထဲမှာ အထူးပြောကြားသွားပြီဆိုတော့ ကျွန်မအနေနဲ့ ထပ်ပြီးမပြောကြားတော့ပါဘူး။ ကျွန်မပြောကြားချင်တာကတော့ ဒီမနောကွင်းကြီးထဲ စုဝေးတဲ့အခါ မနောပွဲတွေရဲ့ဇာစ်မြစ်ကို ပြန်ပြီးစဉ်းစားစေချင်ပါတယ်။ မနောပွဲတွေရဲ့ဇာစ်မြစ်ဟာ နတ်ကိုးကွယ်မှုနဲ့ ပတ်သက်နေပါတယ်။

ထွက်လာတဲ့အခါ အလင်းရောင်ပေးတယ်။ အလင်းရောင်ပေးလို့ ရှေးခေတ်လူသားတွေက နေကိုပဲမျှော်ပြီးနေကြရတယ်။ တစ်ညတာပြီးသွားရင် အလင်းရောင်မှလာပါ့မလားဆိုပြီး စိုးရိမ်ပူပန်ကြရတယ်။

"နေထွက်လာတယ်ဆိုတာ အလင်းရောင်ရတယ်။ ရာသီဥတုချမ်းအေးတဲ့နေရာတွေမှာဆိုရင် အနွေးဓာတ်ရတယ်။ ဒါပေမယ့် နေကတိုက်ရိုက်ထိုးနေရင်တော့ မသက်သာဘူး။ ဒါကြောင့် ဦးဆောင်မှုပေးတဲ့လူတွေက နေလိုလလိုကျင့်သုံးရမယ်ဆိုတာ နေလိုကျင့်သုံးတဲ့နေရာမှာ အလင်းရောင်ပေးဖို့၊ နွေးထွေးမှုပေးဖို့ဖြစ်တယ်။ တိုက်ရိုက်ကြီး

> **"ဒီလိုစုစည်းမှုရှိလို့သာ ကျွန်မတို့နိုင်ငံဟာ ပြည်ထောင်စုကြီးဖြစ်နေတယ်။ ဒီပြည်ထောင်စုဟာ ကျွန်မတို့လိုလားတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု အစစ်အမှန်မဖြစ်သေးဘူး။ ဒါကိုဖြစ်အောင်လို့ ကျွန်မတို့ နိုင်ငံတော်အစိုးရသာမက ပြည်သူလူထုတွေအားလုံး ဝိုင်းဝန်းပြီးတော့ ကြိုးစားဖို့လိုတယ်။"**

လို့ ဆိုလို့ရတယ်။ လရဲ့သစ္စာကို ယုံကြည်ကြတယ်။

**ယုံကြည်အောင် လုပ်နိုင်ရမယ်**

"ဒီအတိုင်းပဲ ဦးဆောင်မှုပေးတဲ့လူတွေဟာ ကိုယ်ဦးဆောင်မှုပေးတဲ့သူတွေက ကိုယ့်ရဲ့သစ္စာတရားအပေါ်မှာ ယုံကြည်အောင် လုပ်နိုင်ရမယ်။ စကားတည်ရမယ်၊ ကိုယ်လုပ်ပေးမယ်လို့ပြောတဲ့ကိစ္စတွေကို ဖြစ်မြောက်အောင် လုပ်ပေးရမယ်။ သူ့အချိန်နဲ့ သူမျှော်မှန်းချက်တွေကို ဖြည့်ဆည်းပေးရမယ်။ ဒါကြောင့် ကျွန်မတို့ ပြည်ထောင်စုသားအားလုံးဟာ တစ်နည်းအားဖြင့် လူတိုင်းဟာ ခေါင်းဆောင်လည်း ဖြစ်တယ်။ လူတိုင်းဟာ နောက်လိုက်လည်းဖြစ်တယ်။ နောက်လိုက်လုပ်ရမယ့်အချိန်မှာ နောက်လိုက်လုပ်ရတယ်။ ခေါင်းဆောင်လုပ်ရတဲ့အချိန်မှာ ခေါင်းဆောင်လုပ်ရတယ်။ အဲဒီလိုလုပ်မယ်ဆိုရင် ကျွန်မတို့ဟာ တစ်ယောက်နဲ့တစ်ယောက်အပေါ် အားကိုးနိုင်ခြင်းဟာ နတ်တွေ၊ ဘုရားတွေရဲ့ သဘောကျလည်းဖြစ်ပါတယ်။ နတ်တွေ၊ ဘုရားတွေ၊ သိကြားတွေကလည်း လူသားတွေဟာ ကိုယ့်ကိုယ်ကိုယ် မှန်မှန်ကန်ကန် အားကိုးနိုင်တဲ့အခြေအနေကို ဖြစ်စေမယ်လို့ ယုံကြည်ပါတယ်။ ဒီလိုကချင်ပြည်နယ်နေ့မှာ မနောကွင်းမှာစုစည်းပြီး ကချင်ပြည်နယ်နေ့ကို ကျင်းပနိုင်တယ်ဆိုတာ ကျွန်မတို့အားလုံး တစ်ဦးကိုတစ်ဦး အားကိုးပြီးတော့ တစ်ဦးရဲ့အင်အားကို တစ်ဦးကယူပြီး၊ တစ်ဦးရဲ့အင်အားကို တစ်ဦးက ဖြည့်ဆည်းပေးပြီး ပြည်ထောင်စုကြီးရဲ့လမ်းကို ဆက်ပြီးလျှောက်သွားမယ်ဆိုတဲ့သင်္ကေတလို့ ကျွန်မက ယူဆပါတယ်။

"ဒါကြောင့် ကျွန်မတို့ တိုင်းရင်းသားတွေဟာ တစ်ဖက်နဲ့တစ်ဖက် ပြန်ကြည့်လိုက်ရင် ဝတ်စုံတွေကလည်း မတူပါဘူး။ ဒီလိုတိုင်းရင်းသားတွေ စုစည်းပြီး ဝတ်စုံပေါင်းမြောက်မြားစွာနဲ့ တွေ့ရတဲ့အခါ ကျွန်မဝမ်းသာတယ်။ ဒါဟာ ကျွန်မတို့နိုင်ငံပဲ၊ ကျွန်မတို့ရဲ့ ပြည်ထောင်စုပဲ၊ ပြည်ထောင်စုဖွားတိုင်းရင်းသားတွေဟာ တစ်ဦးနဲ့တစ်ဦး မတူပေမယ့် တစ်ဦးချင်း၊ တစ်ဦးချင်းဟာ သူ့ရဲ့လှပပုံ လှပနည်းနဲ့ လှပနေကြတယ်။

**ဒီမိုကရေစီဆိုတာ**

"ဒီလိုစုစည်းမှုရှိလို့သာ ကျွန်မတို့နိုင်ငံဟာ ပြည်ထောင်စုကြီးဖြစ်နေတယ်။ ဒီပြည်ထောင်စုဟာ ကျွန်မတို့လိုလားတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအစစ်အမှန် မဖြစ်သေးဘူး။ ဒါကိုဖြစ်အောင်လို့ ကျွန်မတို့နိုင်ငံတော်အစိုးရသာမက ပြည်သူလူထုတွေအားလုံး ဝိုင်းဝန်းပြီးတော့ကြိုးစားဖို့လိုတယ်။ အစိုးရတစ်ခုတည်းကိုပဲ အားကိုးတယ်ဆိုတာ ဒီမိုကရေစီမဆန်ပါဘူး။ တကယ်တော့ ဒီမိုကရေစီဆိုတာ ပြည်သူလူထုပေါ်မှာ အခြေခံတဲ့စနစ်မို့ ပြည်သူလူထုရဲ့အားကို အစိုးရတွေကပြန်ပြီး အားကိုးရပါတယ်။

**လွတ်လပ်ရေးသင်္ကေတ**

"ကျွန်မတို့စုစည်းတဲ့အခါ ဘယ်တိုင်းရင်းသားအတွက် ဘယ်နေ့သာဖြစ်တယ်ဆိုတဲ့ စိတ်ဓာတ်မဟုတ်ဘဲ အခု ကချင်ပြည်နယ်နေ့ဆိုရင် ကချင်ပြည်နယ်ထဲရှိတဲ့ တိုင်းရင်းသားပေါင်းစုံနဲ့ သက်ဆိုင်တဲ့နေ့လည်း ဖြစ်ပါတယ်။ ကချင်ပြည်နယ်နေ့ ပေါ်ပေါက်လာတာလည်း လွတ်လပ်ရေးနဲ့တစ်နှစ်တည်း ပေါ်ပေါက်လာတာပါ။ ဒါကြောင့် ကျွန်မတို့နိုင်ငံရဲ့ လွတ်လပ်ရေးသင်္ကေတလည်း ဖြစ်တယ်လို့ ပြောရင်လည်း မမှားဘူး။ ပထမဦးဆုံး ကချင်ပြည်နယ်နေ့ကို တက်ရောက်တဲ့ သမ္မတကြီး စဝ်ရွှေသိုက်ဟာ ရှမ်းတိုင်းရင်းသားဖြစ်တယ်။ ဒီဟာကလည်း ပြည်ထောင်စုရဲ့ အနေအထားကို ဖော်ပြတာပဲ။ ပထမဦးဆုံး ကချင်ပြည်နယ်နေ့ကို တက်ရောက်တဲ့ သမ္မတကြီးဟာ ရှမ်းတိုင်းရင်းသားဖြစ်တယ်ဆိုတာ တိုင်းရင်းသားလူမျိုးစုတွေအားလုံးရဲ့ နေ့ဖြစ်တယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ ဘယ်တိုင်းရင်းသားနေ့ ဖြစ်ဖြစ်၊ ဘယ်ပြည်နယ်နေ့ဖြစ်ဖြစ် ကျွန်မတို့ ပြည်ထောင်စုဖွားတိုင်းရင်းသားတွေနဲ့ သက်ဆိုင်ပါတယ်။

**စာမျက်နှာ ၄ သို့** ✻

✻ စာမျက်နှာ ၃ မှ

"လူတစ်ဦးရဲ့ခန္ဓာမှာ လက်သန်းနဲ့ ခေါင်းနဲ့ ဘယ်ဟာပိုအရေးကြီးလဲဆိုရင် ခေါင်းက အရေးကြီးတယ်လို့ ပြောပေမယ့် လက်သန်းနာရင်လည်း ခေါင်းကသိတယ်၊ ခေါင်းနာရင်လည်း တစ်ကိုယ်လုံးကသိတယ်။ ဒါကြောင့် အားလုံးဟာ တစ်ဦးပေါ်တစ်ဦး နားလည်မှုရှိပြီး တစ်ဦးရဲ့ နာကျင်မှုဟာ နောက်တစ်ဦးနဲ့လည်း ဆိုင်တယ်ဆိုတဲ့စိတ် မွေးဖို့လိုပါတယ်။ ကျွန်မတို့နိုင်ငံသာ အေးချမ်းသွားမယ်ဆိုရင်၊ နိုင်ငံအတွင်းမှာ ငြိမ်းချမ်းရေးရမယ်ဆိုရင် သမ္မတကြီးမိန့်ဆိုခဲ့တဲ့အတိုင်း ဆယ်နှစ်အတွင်းတောင်မဟုတ်ဘူး၊ တစ်နှစ်အတွင်းတောင် သိသိသာသာ အပြောင်းအလဲတွေ မြင်ရမယ်လို့ ယုံကြည်တယ်။ ပြည်တွင်းစစ်မီးတွေ အားလုံးငြိမ်းသွားပြီးတာနဲ့ တစ်နှစ်အတွင်းမှာ အပြောင်းအလဲတွေကို သိသိသာသာမြင်ရလိမ့်မယ်။

**ပထမခြေလှမ်းက အရေးအကြီးဆုံး**

"ကျွန်မတို့လိုချင်တဲ့ ခိုင်မာတဲ့အခြေအနေကိုတော့ သမ္မတကြီးမိန့်ဆိုတဲ့အတိုင်းပဲ ဆယ်စုနှစ်တစ်စုတော့ သေသေချာချာ ကြိုးစားပြီး စနစ်တကျခိုင်မြဲအောင်လုပ်ဖို့က အားလုံးရဲ့ တာဝန်ဖြစ်ပါတယ်။ ခရီးတစ်ခုကိုစဖို့ဆိုတာ ပထမခြေလှမ်းက အရေးအကြီးဆုံးပါ။ ပြည်ထောင်စုကြီး တကယ်ခိုင်မာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စပြီးတော့ လှမ်းမယ့်ခြေလှမ်းက ငြိမ်းချမ်းရေးခြေလှမ်းဖြစ်တယ်ဆိုတာ ထပ်ပြီးတော့ သတိပေးပါရစေ။ ဒါကလည်း အမြဲပဲ ကြုံတိုင်းသတိပေးတဲ့ကိစ္စမို့ အထွေအထူးပြောဖို့မလိုပါဘူး။

"နိဂုံးအနေနဲ့ပြောချင်တာက ဒီလိုစုရုံးတဲ့အချိန်မှာ ပျော်ရွှင်တဲ့အချိန်အခါတစ်ခု ဖြစ်စေချင်ပါတယ်။ အားလုံး စိတ်ဓာတ်တက်ကြွဖို့၊ အင်အားပြည့်ဝဖို့ အားလုံးက ပျော်ပျော်ရွှင်ရွှင် မုဒိတာစိတ်နဲ့ တစ်ဦးရဲ့ပျော်ရွှင်မှုအတွက် တစ်ဦးက ဝမ်းသာတတ်ဖို့ အဲဒီလိုစိတ်နဲ့ စုစည်းတဲ့နေ့မျိုး၊ အခမ်းအနားမျိုးဖြစ်စေချင်ပါတယ်။ ကျွန်မ အမြဲတမ်း ဂုဏ်ယူတဲ့ကိစ္စက ငယ်ငယ်က အိမ်ညှော့ခန်းနံရံမှာ ချိတ်ထားတဲ့ဓာတ်ပုံတစ်ခုပါ။ မြစ်ကြီးနားမှာ ဖေဖေက ကချင်အမျိုးသမီးတွေနဲ့ ရိုက်ထားတဲ့ပုံပါပဲ။ အမျိုးသမီးတွေနဲ့ ရိုက်ထားလို့ ဂုဏ်ယူတာမဟုတ်ဘူး။ ဖေဖေက ရွှင်ရွှင်ပျပျနဲ့ ပြုံးရယ်ပြီး ရိုက်ထားတဲ့ပုံမို့ပါ။ ဒီလို တိုင်းရင်းသားတွေနဲ့အတူ လက်တွဲပြီးတော့ ဘဝကိုရင်ဆိုင်ရတာဟာ ပျော်ရွှင်ဖွယ်ရာကောင်းတယ်၊ ကျေနပ်စရာကောင်းတယ်ဆိုတာ ပြနေတာပဲဖြစ်တယ်။ ဘာဖြစ်လို့ ဖေဖေက ဒီလောက်ပြုံးနေတာလည်းဆိုတာ ကျွန်မမေးဖူးပါတယ်။ ကျွန်မကိုပြောတာတော့ ဓာတ်ပုံရိုက်တဲ့အခါ တစ်ယောက်ကစတယ်တဲ့၊ ဗိုလ်ချုပ်ကတော်တွေ့ရင် စိတ်ဆိုးတော့မှာပဲ၊ ဗိုလ်ချုပ်ကို ကချင်အမျိုးသမီးတွေ ဝန်းရံပြီး ရိုက်ထားတာတွေ့ရင် စိတ်ဆိုးတော့မှာပဲ ဆိုပြီးပြောလို့ ဖေဖေက ပြုံးတယ်လို့ ဆိုပါတယ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားတွင် ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ မနောပွဲကို ပါဝင်ဆင်နွှဲစဉ်။

**ရွှင်လန်းစရာ၊ စိတ်ချမ်းသာစရာနေ့**

"ကျွန်မတို့အားလုံး ဒီလိုနေ့မျိုးဟာ ပြုံးရွှင်စရာနေ့မျိုး၊ ညီရင်းအစ်ကိုမောင်နှမတွေ အားလုံးပြန်ပြီးစုံကြတဲ့အခါမှာ ရွှင်လန်းစရာ၊ စိတ်ချမ်းသာစရာနေ့တစ်မျိုးလို့ နှလုံးသွင်းပြီး ဒီနေ့ ကချင်ပြည်နယ်နေ့မှာ ပြည်ထောင်စုသားအားလုံး၊ ပြည်ထောင်စုသားသမီးတွေအားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးအန္တရာယ်တွေ ကင်းရှင်းပြီး ကောင်းကျိုးလိုရာဆန္ဒအဝဝနဲ့ ပြည့်စုံကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့လိုက်ပါတယ်"ဟု ပြောကြားသည်။

ယင်းနောက် သိက္ခာတော်ရဆရာတော် ဂျုံးခေါင်က ကောင်းချီးမင်္ဂလာဆုတောင်းပေးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ကချင်လူမျိုးများ ရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီဥက္ကဋ္ဌ ဦးထုံဖူးဒဂုံနှင့် ပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကင်ရောတန်ဂွန်းတို့က (၇၁) နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်ဂုဏ်ပြု မနောအကဆင်နွှဲနိုင်ရန် မနောဝင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ မနောပွဲကို ပါဝင်ဆင်နွှဲကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မနောအိမ်တော်သို့ရောက်ရှိပြီး ကချင်ရိုးရာယဉ်ကျေးမှုအဖွဲ့အကြီးအကဲများ၊ မနောပွဲဖြစ်မြောက်ရေးကော်မတီဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက ကချင်ရိုးရာယဉ်ကျေးမှု မဂွန်းလစ်အစီအစဉ်ဖြင့် ဂါရဝပြုကြသည်။

ယင်းနောက် ကချင်လူမျိုးများရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီဥက္ကဋ္ဌ ဦးထုံဖူးဒဂုံနှင့် ဒုတိယဥက္ကဋ္ဌ ဦးဖော်ရန်ဘောက်တောင်တို့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ ဂါရဝပြုလက်ဆောင် မဂွန်းလစ်နှင့် (၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်ပန်းချီကားကို ပေးအပ်ကြသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကြိုဆိုရေးအဖွဲ့ဝင်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ကချင်ရိုးရာယဉ်ကျေးမှုအဖွဲ့အကြီးအကဲများ၊ မနောပွဲတော်ဖြစ်မြောက်ရေးကော်မတီဝင်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များသည် ကချင်ရိုးရာယဉ်ကျေးမှုအဖွဲ့အကြီးအကဲများ၊ မနောပွဲတော်ဖြစ်မြောက်ရေးကော်မတီဝင်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြစ်ကြီးနားမြို့ရှိ ဘာသာရေးခေါင်းဆောင်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားမျိုးနွယ်စု ကိုယ်စားလှယ်များအား Palm Spring ဟိုတယ်၌ တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံစဉ် KBC နှစ်ခြင်းအသင်းတော် တွဲဖက်အတွင်းရေးမှူး သိက္ခာတော်ရဆရာ ဦးဇယ်ခေါင်၊ ရိုမန်ကက်သလစ်အသင်းတော် သာသနာတော်အတွင်းရေးမှူး ဘုန်းတော်ကြီး ဦးလွမ်ဒေါင်၊ ပြည်နယ်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးညွန့်ရွှေ၊ ကချင်ပြည်နယ် ငြိမ်းချမ်းမေတ္တာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်အောင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါး/ဟိန္ဒူ ဓမ္မအဖွဲ့ခွဲ (မြစ်ကြီးနား) ဥက္ကဋ္ဌ ဦးလုပ်ဗဟာဒူး၊ ဂျိန်ဖော့မျိုးနွယ်စု အတွင်းရေးမှူး ဒူဝါအင်ဘောဘွမ်၊ တိုင်းဆာမျိုးနွယ်စုမှ ဦးစိုင်းမြင့်ကျော်နှင့် ဗမာမျိုးနွယ်စုဥက္ကဋ္ဌ ဦးသန်းနိုင်တို့က နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးစေလိုသည့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ချက်ချင်း ဖြည့်ဆည်းပေးနိုင်မည့် တင်ပြချက်များ၊ အမြန်ဆုံးဆောင်ရွက်ပေးနိုင်မည့်တင်ပြချက်များနှင့် အချိန်ယူအလေးအနက်ထား ဆောင်ရွက်ရမည့် တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းပြောကြားပြီး ဘာသာရေးခေါင်းဆောင် ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားမျိုးနွယ်စု ကိုယ်စားလှယ်များ၏ တင်ပြချက်များသည် ပွင့်လင်းစွာတင်ပြခြင်းဖြစ်သည့်အတွက် များစွာ ဝမ်းမြောက်မိပါကြောင်း၊ ယခုကဲ့သို့ တင်ပြခြင်းသည် မိမိတို့အပေါ် ယုံကြည်မှုရှိ၍ တင်ပြခြင်းဖြစ်သည်ဟု မှတ်ယူပါကြောင်း၊ စာမျက်နှာ ၅ သို့ ✻



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များ၊ ကချင်ရိုးရာယဉ်ကျေးမှုအဖွဲ့ အကြီးအကဲများ၊ မနောပွဲတော်ဖြစ်မြောက်ရေးကော်မတီဝင်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

✻ စာမျက်နှာ ၄ မှ
မည်သည့်ကိစ္စရပ်မဆို ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းမှသာ ဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်အတွင်း ဘာသာမတူ လူမျိုးစုမတူသော်လည်း ယခုကဲ့သို့ သင့်သင့်မြတ်မြတ် ယှဉ်တွဲနေထိုင်လုပ်ကိုင်လျက်ရှိကြသည်ကို မြင်တွေ့ရ၍ များစွာဝမ်းမြောက်မိပါကြောင်း၊ ဤသည်မှာ ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် တင်ပြချက်များအပေါ် ဆောင်ရွက်ပေးနိုင်သည်များကို အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

**မျှမျှတတဆောင်ရွက်ပေးသွားမည်**

မိမိတို့အနေဖြင့် ပြည်သူကို မလုပ်ပေးနိုင်ဘဲနှင့် လုပ်ပေးမည်ဟု ကတိမပြုပါကြောင်း၊ ကတိပေးထားလျှင်လည်း ဖြစ်မြောက်အောင်လုပ်ပေးမည်သာဖြစ်ပါကြောင်း၊ လုပ်ပေးနိုင်သည်ကိုသာ ကတိပေးပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများအတွက်ကိုပါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မျှမျှတတဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်စည်းလုံးညီညွတ်ရေးအတွက် ယနေ့ လာရောက်သည့် ကိုယ်စားလှယ်ကြီးများ၏ ပူးပေါင်းဆောင်ရွက်မှုမှာ အလွန်အရေးကြီးပါကြောင်း၊ ယခုလို အချိန်ပေး၍ လာရောက်ကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြကြသည့်အတွက် ကျေးဇူးတင်ပါကြောင်း ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး အဆိုပါကျောင်း(မလိခ)ဆောင်တွင် ပညာသင်ကြားလျက်ရှိသည့် နဝမတန်းကျောင်းသားကျောင်းသူများ၊ (ဆွမ်ပရာဘွမ်)ဆောင်တွင် ပညာသင်ကြားနေကြသည့် ပထမတန်းကျောင်းသား ကျောင်းသူများ၊ (ပိတောက်)ဆောင်တွင် ပညာသင်ကြားနေကြသည့် ဒုတိယတန်း ကျောင်းသား ကျောင်းသူများနှင့် (ချယ်ရီ)ဆောင်တွင် ပညာသင်ကြားနေကြသည့် KG တန်း ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ ပညာသင်ကြားသင်ယူမှုများနှင့် ပညာရည်တိုးတက်မှု အခြေအနေများ၊ သင်ထောက်ကူပစ္စည်းရရှိမှု အခြေအနေများ၊ အားကစားနှင့် အနုပညာကဏ္ဍသင်ကြားသင်ယူမှုအခြေအနေများကို မေးမြန်းကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်သည် Palm Spring ဟိုတယ်ခန်းမ၌ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကချင်ပြည်နယ်ခရီးစဉ်အတွင်း တွေ့မြင်ခဲ့ရသည့်အခြေအနေများ၊ ပြည်သူများ၏ တင်ပြချက်များ၊ ဘာသာရေးခေါင်းဆောင် ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားမျိုးနွယ်စု ကိုယ်စားလှယ်များ၏ တင်ပြချက်များ စသည်တို့အပေါ် ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို လမ်းညွှန်မှာကြားသည်။

ထို့နောက် ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးက ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

**လမ်းညွှန်မှာကြား**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရအဖွဲ့တို့က ဆောင်ရွက်ရမည့် လုပ်ငန်းများကို လမ်းညွှန်မှာကြားသည်။

ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့ဝင်များသည် ကချင်ပြည်နယ်အစိုးရအဖွဲ့က တည်ခင်းဧည့်ခံသည့် (၇၁) နှစ်မြောက် ကချင်ပြည်နယ်နေ့ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကချင်လူမျိုးများ ရိုးရာယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ဦးထုံဖူးဒဂုံနှင့် ဒုတိယဥက္ကဋ္ဌ ဦးဖော်ရန်ဘောက်တောင်တို့က (၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်ပန်းချီကားကို ပေးအပ်ကြစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးမင်းသူ၊ ဦးအုန်းဝင်းနှင့် ဒေါက်တာဝင်းမြတ်အေး၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ မနောပွဲတော်ဖြစ်မြောက်ရေးကော်မတီဝင်များ၊ ကချင်လူမျိုးများ ရိုးရာယဉ်ကျေးမှုဗဟိုကော်မတီဝင်များ ၊ တိုင်းရင်းသားမျိုးနွယ်စုဝင်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုသစ်သီးခြင်းများပေးအပ်ကြ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်တို့က ဂုဏ်ပြုညစာစားပွဲတွင် ကပြဖျော်ဖြေကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုသစ်သီးခြင်းများ ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **သတင်းစဉ်**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြစ်ကြီးနားမြို့ရှိ ဘာသာရေးခေါင်းဆောင်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားမျိုးနွယ်စုကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။

❂ **ကျောဖုံးမှ**

ယူနီယံဓမ္မတတက္ကသိုလ်ကို ၁၉၉၉ ခုနှစ်က တည်ထောင်ထားခဲ့ပြီး ဘာသာရေးအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သူများနှင့် ကျောင်းသား ကျောင်းသူ ၄၀၀ ကို ဘွဲ့များပေးအပ်ချီးမြှင့်ခဲ့ပြီးဖြစ်သည်။

ယူနီယံဓမ္မတ တက္ကသိုလ်သည် မြန်မာနိုင်ငံ တစ်ဝန်း၌ လူမျိုး၊ ဘာသာ မခွဲခြားဘဲ နယ်ပယ်ကဏ္ဍအသီးသီးရှိ လူမှုရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်နေသော ဂုဏ်ပြုထိုက်သည့်ပုဂ္ဂိုလ်များကို ရွေးချယ်ချီးမြှင့်ခြင်းဖြစ်သည်။

ယနေ့ (၁၈)ကြိမ်မြောက် အခမ်းအနား၌ ဘာသာရေးဆိုင်ရာဘွဲ့ရရှိသူ ၂၃ ဦးနှင့် နယ်ပယ်အသီးသီးတွင် လူမှုရေးနှင့် ဘာသာရေးအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေသူခြောက်ဦးဖြစ်သည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အပါအဝင် Myanmar Missions International (MMI)မှ ဒါရိုက်တာ Mr. Joshua Ngun Hei၊ Myanmar Evangelical Christian Alliance မှ Public Relations ဒါရိုက်တာ Mr. Peter Ngun Za Cung ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဒုတိယညွှန်ကြားရေးမှူး ဦးအမ်လှသောင်း၊ Future Myanmar United Development Co., Ltd. မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်အေးအေးချို ၊ Global Talent Development; Deere & Company; မှ မန်နေဂျာ Mrs. Rena M. Gainev တို့ကို ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့များ ပေးအပ်ခဲ့သည်။ **သတင်းစဉ်**

# ၂၀၁၈ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ၊ ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှု (၂) မှုကို ရွေးကောက်ပွဲခုံအဖွဲ့(၁) နှင့် ရွေးကောက်ပွဲခုံအဖွဲ့(၂) ဖြင့် စတင်ကြားနာစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၈ခုနှစ်၊ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် အောင်မြင်စွာ ကျင်းပပေးခဲ့ပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၇၊ ၆၈၊ နည်းဥပဒေ ၈၇ အရ တင်သွင်းလာသည့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှု (၂) မှုကို ယနေ့ စတင်ကြားနာစစ်ဆေးကြောင်း သိရသည်။

ယင်းအမှုများကို ကြားနာစစ်ဆေးနိုင်ရန် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၉ (က) (၁) အရ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ(၂၁) ရက်စွဲပါ အမိန့်အမှတ်၊ ၂/ ၂၀၁၈ နှင့် ၃/ ၂၀၁၈ တို့ဖြင့် ကော်မရှင်အဖွဲ့ဝင်တစ်ဦးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ကျန်ကော်မရှင်အဖွဲ့ဝင်နှစ်ဦးပါဝင်သော ရွေးကောက်ပွဲခုံအဖွဲ့ (၁) နှင့် ရွေးကောက်ပွဲခုံအဖွဲ့ (၂)တို့ကို ဖွဲ့စည်းခဲ့သည်။

ယနေ့တွင် ရွေးကောက်ပွဲခုံအဖွဲ့(၁)မှ ကန့်ကွက်လွှာအမှုအမှတ်(၁/ ၂၀၁၈)၊ လျှောက်ထားသူ ဦးသန်းထိုက်အောင်(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)နှင့် လျှောက်ထားခံရသူ ဦးနေမျိုးအောင် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ) အမှုကိုလည်းကောင်း၊ ရွေးကောက်ပွဲခုံအဖွဲ့(၂)မှ ကန့်ကွက်လွှာအမှုအမှတ်(၂/ ၂၀၁၈)၊ လျှောက်ထားသူ ဒေါ်နန်းထွေးမွှံ (ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်)နှင့် လျှောက်ထားခံရသူ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန် (အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ) အမှုကိုလည်းကောင်း စတင်ကြားနာ စစ်ဆေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၁၀**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ **မိုး/ဇလ**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း အမေရိကန်သံအမတ်ကြီး၊ ဥရောပသမဂ္ဂအဖွဲ့ရုံးမှသံအမတ်ကြီး၊ ကနေဒါသံအမတ်ကြီးတို့အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး H.E. Mr. Scot Marciel၊ ဥရောပသမဂ္ဂအဖွဲ့ရုံးမှသံအမတ်ကြီး H.E. Mr. Kristian Schmidt၊ ကနေဒါနိုင်ငံသံအမတ်ကြီး H.E. Mrs. Karen Mac Authurတို့ အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းမှု၊ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများအောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့မှု၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းမှုနှင့် Capacity Building ဆောင်ရွက်ခဲ့မှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဟာဗျူဟာစီမံကိန်းရေးဆွဲဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး သံအမတ်ကြီးများ၊ ဩစတြေးလျသံရုံးမှ ယာယီတာဝန်ခံ Mr. Jeremy Kruse နှင့် ဗြိတိန်သံရုံးမှ Mr. Joe Rolling တို့က ကျင်းပပြီးစီးခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲများတွင် မဲရုံများသို့ သွားရောက်လေ့လာခဲ့မှုနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပိုမိုကောင်းမွန်စွာဆောင်ရွက်နိုင်ရန်အတွက် အကြံပြုချက်များကိုရှင်းလင်းပြောကြားခဲ့ကြသည်။ ၎င်းနောက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကူညီဆောင်ရွက်မည့် အခြေအနေများနှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မန္တလေး ရတနာမောလ် အပြည်ပြည်ဆိုင်ရာ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းပြပွဲသို့ ရတနာကုန်သည် တစ်သောင်းခန့် ဖိတ်ကြားထား

**မန္တလေး ဇန်နဝါရီ ၁၀**

မန္တလေးမြို့တွင် ဇန်နဝါရီ ၁၅ ရက်မှ ၁၉ ရက်အထိ ပထမအကြိမ်အဖြစ် ကျင်းပမည့် မန္တလေး ရတနာမောလ် အပြည်ပြည်ဆိုင်ရာ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းပြပွဲသို့ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည် တစ်သောင်းခန့် ဖိတ်ကြားထားကြောင်း ရတနာမောလ် ကျောက်မျက်ရတနာလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဦးသိန်းဝင်းက ဇန်နဝါရီ ၁၀ ရက်တွင် ပြုလုပ်သည့် ပြပွဲဆိုင်ရာ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။



**ဖိတ်ကြားထား**

"နိုင်ငံတကာက ကျောက်မျက်ရတနာ ကုန်သည်တွေကို နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်နဲ့အညီ စီးပွားကူးသန်းဝန်ကြီးဌာနရဲ့ အကူအညီနဲ့ မိတ်ဖက် သံရုံးတွေကနေတစ်ဆင့် ဖိတ်ကြားထားပါတယ်။ ဒါ့အပြင် နိုင်ငံတော်အပိုင်းကလည်း တိုက်ရိုက်ဖိတ်ကြားပေးမှုတွေရှိသလို ကျွန်တော်တို့အပိုင်းကလည်း လွန်ခဲ့တဲ့ သုံးလကတည်းက နိုင်ငံတကာပြပွဲတွေဆီကို သွားရောက်ပြီး ကုန်သည်တွေလက်ထဲအရောက် ဖိတ်စာတွေပေးပြီး ဖိတ်ကြားခဲ့ပါတယ်။ လက်ရှိ ဖိတ်ကြားထားတဲ့ စာရင်းအရတော့ ပြည်တွင်း၊ ပြည်ပ ကုန်သည်ပေါင်း တစ်သောင်းနီးပါး ဖိတ်ကြားထားပြီး ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါပြပွဲတွင် ထူးခြားချက်အနေဖြင့် ကျောက်စိမ်းနှင့် လက်ဝတ်ရတနာ အရောင်းထည်များအား one stop service ဖြင့် ရောင်းချခွင့်ကို နိုင်ငံတော်အစိုးရက ခွင့်ပြုပေးခဲ့ရာ အဆိုပါ ခွင့်ပြုချက်ကြောင့် ရောင်းချသူများမှ တရားဝင် ဝင်ငွေများ ရရှိမည့်အခွင့်အရေးများအပြင် နိုင်ငံတော်အစိုးရမှလည်း အခွန်ငွေများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခင်းကျင်းထား**

"one stop service စနစ်ကို နိုင်ငံတော်ပိုင်းက ခွင့်ပြုပေးလိုက်တဲ့အတွက် နိုင်ငံတော်အတွက် အခွန်အပြည့်အဝရသလို ရောင်းချသူဘက်ကလည်း အခွန်ဆောင်လိုက်ရတဲ့အတွက် တရားဝင်ငွေတွေ ရရှိသွားမှာဖြစ်ပါတယ်။ နောက်ထူးခြားတာကတော့ ဒီပြပွဲမှာ ကျောက်စိမ်းပန်းပု၊ ကျောက်မျက်ပန်းချီနဲ့ အရောင်းထည်လက်ဝတ်ရတနာတွေကို မြန်မာ့လက်မှုပညာစစ်စစ်နဲ့ ဒီဇိုင်းပုံစံအမျိုးမျိုး ထုဆစ်ပြီး ယှဉ်ပြိုင်ရမယ့် ပြိုင်ပွဲအစီအစဉ်တွေလည်း ထည့်သွင်းတဲ့အပြင် ကျောက်မျက်ပညာရှင်တွေရဲ့ ဟောပြောမှုတွေလည်း ပါဝင်ပါတယ်။ ပြပွဲအပြင်အဆင်ကိုလည်း ယဉ်ကျေးမှုမြို့တော်နဲ့အညီဖြစ်အောင် ထူးခြားတဲ့ မြန်မာမှုဒီဇိုင်းလက်ရာများနဲ့ ပြင်ဆင် ခင်းကျင်းထားမှာဖြစ်တဲ့အတွက် လာရောက်ကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု ရတနာမောလ် ကျောက်မျက်ရတနာလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်မြတ်မြတ်ခိုင်က ပြောသည်။

မန္တလေး ရတနာမောလ် အပြည်ပြည်ဆိုင်ရာ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းထည်ပြပွဲကို နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုနှင့်အတူ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနှင့် ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း ခြောက်သင်းတို့၏ အဓိက ကူညီပံ့ပိုးမှုများ၊ ရတနာမောလ် ကျောက်မျက်ရတနာ ဈေးသူ၊ ဈေးသားများ၏ ထောက်ပံ့ကူညီမှုများဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပါဝင်ကြိုးစား**

"မန္တလေးမြို့မှာ ကျောက်စိမ်းမျိုးစုံရောင်းချတဲ့ ကျောက်မျက်ဈေးကြီးလည်း ရှိတဲ့အပြင် မိုးကုတ်၊ ဖားကန့်စတဲ့ ကျောက်စိမ်းရတနာတွေ ထွက်ရှိတဲ့ ဒေသတွေနဲ့လည်း နီးစပ်တဲ့ မြို့ဖြစ်တဲ့အတွက် ဒီလို နိုင်ငံတကာပြပွဲကြီး ဒီမြို့မှာ အောင်မြင်စွာ ကျင်းပနိုင်ဖို့အတွက် ကျွန်တော်တို့အသင်းအနေနဲ့ ပါဝင်ကြိုးစားခဲ့ပါတယ်။ ရတနာမောလ် ကျောက်မျက်ရတနာလုပ်ငန်းရှင်များကို ပြောကြားလိုတာက ဒီလိုပြပွဲမျိုး တစ်နှစ်ကို နှစ်ကြိမ် ကျင်းပပေးဖို့ တောင်းဆိုပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ ဦးအောင်ကြီးက ပြောသည်။

အဆိုပါပြပွဲကြီးကို ၇၈ လမ်းနှင့် ၃၄ လမ်းထောင့်၊ ရတနာပုံစူပါစင်တာ ဒုတိယအလွှာရှိ Mandalay Yatanar Mall နိုင်ငံတကာကျောက်မျက်ရတနာဈေးကြီးတွင် ကျောက်မျက်အရောင်းဆိုင် ပြခန်းပေါင်း ၄၀၀ ခန့်ပါဝင်ပြသကျင်းပမည့်အပြင် ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်ပြီး ပြပွဲလာပြည်သူများအတွက် ရတနာမောလ် အမှတ်တံဆိပ်ပါ ဒင်္ဂါးပြား ၁၅ ပြားကို ကံစမ်းမဲ ဖောက်၍ လက်ဆောင်ပေးမည့် အစီအစဉ်များလည်း ထည့်သွင်းထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ - အောင်ဖြိုးကျော်**

# စီးပွားရေးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နိုင်ခဲ့သည့် သီလဝါအထူးစီးပွားရေးဇုန်

**ရန်ကုန် ဇန်နဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သီလဝါအထူးစီးပွားရေးဇုန်သည် ရန်ကုန် တောင်ဘက်ပိုင်းဒေသများ ဖွံ့ဖြိုးမှုကိုမြန်ဆန်စေပြီး ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်ခဲ့ကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။

**အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခဲ့**

သီလဝါအထူးစီးပွားရေးဇုန် စတင်အကောင်အထည်ဖော်ချိန်မှစ၍ ယနေ့အချိန်အထိ အလုပ်အကိုင် ဖန်တီးပေးမှုအနေဖြင့် ယခုအချိန်အထိ ဖွင့်လှစ်လည်ပတ်နေသည့် စက်ရုံပေါင်း ၆၃ ရုံ တွင် စက်ရုံလုပ်သား ၇၀၀၀ ကျော်နှင့် ဇုန်အတွင်း အကောင်အထည်ဖော်နေသည့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်သား ၁၅၀၀၀ ခန့်ကို အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခဲ့သည်။

ထိုကဲ့သို့ အလုပ်အကိုင်ရရှိခဲ့သည့် လုပ်သားများ၏ လုပ်သားအင်အား ၇၀ ရာခိုင်နှုန်းကျော်သည် သန်လျင်၊ ကျောက်တန်းမြို့နယ်များမှ ဒေသခံများဖြစ်ကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။

"သီလဝါအထူးစီးပွားရေးဇုန်ဟာ အခြားစက်မှုဇုန်တွေလိုမျိုး မဟုတ်ဘဲ အထူးစီးပွားရေးဇုန်တစ်ခုဖြစ်တာကြောင့် နိုင်ငံတကာစံနှုန်းနဲ့ညီတဲ့ မူဝါဒတွေ၊ လုပ်ထုံးလုပ်နည်းတွေကို ထုတ်ပြန်ကျင့်သုံး ဆောင်ရွက်နေပါတယ်။ နိုင်ငံတကာစံနှုန်းနဲ့ညီတဲ့ မူဝါဒတွေ၊ လုပ်ထုံးလုပ်နည်းတွေကို အခြားအထူးစီးပွားရေးဇုန်တွေမှာလည်း ကျင့်သုံးနိုင်ဖို့အတွက် စံနမူနာကောင်းတွေ ဖန်တီးပေးနေပါတယ်။ စံနမူနာကောင်းတွေကို တခြားအထူးစီးပွားရေးဇုန်တွေမှာသာမက အထူးစီးပွားရေးဇုန်ပြင်ပမှာပါ ကျင့်သုံးလာနိုင်မှာဖြစ်တဲ့အတွက် နိုင်ငံမှာ ကောင်းမွန်တဲ့၊ ကြိုတင်သိရှိနိုင်တဲ့၊ လွယ်ကူချောမောစေရန်ပံ့ပိုးနိုင်တဲ့၊ ဖော်ရွေတဲ့ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းတွေကို ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်" ဟု သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဆက်အောင်က ပြောသည်။

**စက်ရုံပေါင်း ၂၄ ရုံ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့**

သီလဝါအထူးစီးပွားရေးဇုန်တွင် ယခုလအတွင်း စက်ရုံသုံးရုံ ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရှိရပြီး ပြီးခဲ့သည့်နှစ်အတွင်း စက်ရုံပေါင်း ၂၄ ရုံ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။

ထို့ပြင် သီလဝါအထူးစီးပွားရေးဇုန်တွင် ယနေ့အချိန်ထိ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံရှိပြီး နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီပေါင်း ၁၀၃ ခု ရှိကြောင်း သိရသည်။

"သီလဝါအထူးစီးပွားရေးဇုန်ကနေ နိုင်ငံတော်ရဲ့ စီးပွားရေးတိုးတက်မှုအတွက် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်နိုင်ခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ အခွန်ဘဏ္ဍာတွေ တိုးတက်ရရှိခဲ့ပါတယ်။ Export တွေ တိုးတက်လာသလို Import Substitution ကိုလည်း လုပ်လာနိုင်ခဲ့တဲ့အတွက် ကုန်သွယ်မှုကဏ္ဍကို တိုးမြှင့်ပေးနိုင်ခဲ့ပါတယ်"ဟု သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီတွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာ သန်းသန်းသွယ်က ပြောသည်။

"ရင်းနှီးမြှုပ်နှံမှုတွေ ရောက်ရှိလာဖို့က အခြေခံအဆောက်အအုံနဲ့ ဝန်ဆောင်မှုအပိုင်း ကောင်းကောင်းလုပ်ပေးရပါတယ်။ ဝန်ဆောင်မှုအပိုင်းကတော့ investor တွေကို One Stop Service Center မှာ လာရောက်ထိုင်ပြီး Standard Operating Procedure(SOP)အတိုင်း လုပ်ပေးနေပါတယ်။ တခြားလိုအပ်တဲ့ Service ကိုတော့ On Call စနစ်နဲ့ လုပ်ပေးနေပါတယ်။ သီလဝါ SEZ ရဲ့ စီမံခန့်ခွဲမှုကော်မတီဟာ Regulator Role အပြင် Coordinator Role နဲ့ Facilitator Role ကိုပါ လုပ်ပေးနေပါတယ်။ Service တွေမှာ Transparent ဖြစ်အောင်၊ Predictable ဖြစ်အောင် Investor Friendly နဲ့ International Standard ဖြစ်အောင်လည်း လုပ်ထားပါတယ်။ Investment Promotion ကိစ္စတွေမှာတော့ ပြည်တွင်း၊ ပြည်ပမှာလည်း လုပ်နေပါတယ်" ဟုလည်း ဒေါက်တာသန်းသန်းသွယ်က ပြောသည်။



**ဝန်ဆောင်မှုပေးလျက်ရှိ**

စီးပွားရေးဇုန်သို့ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန်အတွက် အကောက်ခွန်ဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ဗဟိုဘဏ်၊ စက်မှုစစ်ဆေးရေးနှင့်ကြီးကြပ်ရေးဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့မှ ဌာနပေါင်း ၁၁ ခုပါဝင်သည့် One Stop Service Center ကို သီလဝါအထူးစီးပွားရေးဇုန်တွင် ဖွင့်လှစ်ကာ လာရောက်ရင်းနှီးမြှုပ်နှံသူများကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

သီလဝါအထူးစီးပွားရေးဇုန်ကို အပိုင်းနှစ်ပိုင်းခွဲကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှစတင်ကာ ဇုန်(A)တွင် ၄၀၅ ဟက်တာကို အကောင်အထည်ဖော်ခဲ့ရာ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၃ ရက်တွင် စီးပွားဖြစ် စတင်လည်ပတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဟက်တာများထဲမှ ၃၅ ဟက်တာကို Residential and Commercial Area အဖြစ် အကောင်အထည်ဖော်ခဲ့ကာ အဆိုပါနေရာတွင် အလုပ်သမားများအတွက် နေစရာအဆောက်အအုံ၊ Shop house များ၊ ဘဏ်များ၊ ဂျပန်နိုင်ငံမှ Super Hotel ၊ ဆေးရုံ၊ Super Market ၊ Shopping Mall တို့ကိုလည်း ဆောင်ရွက်သွားရန်ရှိကြောင်း သိရှိရပြီး ယခုအချိန်တွင် သီလဝါအထူးစီးပွားရေးဇုန်(A)တွင် ၉၈ ရာခိုင်နှုန်း ငှားရမ်းထားပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ဇုန်(B)ကို phase(I)၊ phase(II)၊ phase(III)ခွဲ၍ phase(I) ၁၀၁ ဟက်တာနှင့် phase (II) ၇၇ ဟက်တာကို အကောင်အထည်ဖော်ခဲ့ကြောင်း၊ Zone(B) phase(III)ကိုလည်း ထပ်မံတိုးချဲ့ရန် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဇုန်(B)တွင် ၇၀ ရာခိုင်နှုန်း ငှားရမ်းပြီးဖြစ်ကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။

ဇုန်အတွင်းသာမက ဇုန်ပြင်ပဖွံ့ဖြိုးရေးအနေဖြင့် အခြေခံအဆောက်အအုံများကို ဂျပန်နိုင်ငံ ODA Loan ဖြင့် ဆောင်ရွက်လျက်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့ကလည်း ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တည်ဆောက်လျက်ရှိ**

ဇုန်ပြင်ပ အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်မှုအပိုင်းအနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက သန်လျင်တံတားမှ သီလဝါအထူးစီးပွားရေးဇုန်အထိ လမ်းပိုင်းဆိုင်ရာ အဆင့်မြှင့်တင်ခြင်းနှင့် ပဲခူးမြစ်ကူးတံတား တည်ဆောက်မှုအပိုင်းများကို စတင် လုပ်ဆောင်နေပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကလည်း 50 MW Substation တစ်ခု တည်ဆောက်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် သီလဝါအထူးစီးပွားရေးဇုန် ရေရရှိရေးအတွက် ဇာမဏီဆည်မှ ရေကိုရယူနေရပြီး ဆက်လက်ဖွံ့ဖြိုးလာမည့် စီးပွားရေးဇုန်အတွက် ၂၀၁၉ ခုနှစ်ကုန်ပိုင်းတွင် လဂွန်းပြင်ဆည်မှ ရေပေးဝေနိုင်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စီစဉ်ဆောင်ရွက်နေသည်။ သွင်းကုန်ပို့ကုန်များအတွက် ဂျပန် ODA Loan ဖြင့် ဆိပ်ကမ်းတည်ဆောက်ခြင်းလုပ်ငန်းများကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။ **သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ- သီလဝါ(SEZ)**

## ကာတွန်း




### ❖ (၅၆)ကြိမ်မြောက်မှ

ပြပွဲသို့ တက်ရောက်ဝယ်ယူလိုသော ပြည်တွင်း ရတနာကုန်သည်များအတွက် မန္တလေးမြို့နှင့် မိုးကုတ်မြို့တို့တွင် စီမံရေးရာလုပ်ငန်းကော်မတီရုံးခွဲများ ဖွင့်လှစ်ကာ သက်ဆိုင်ရာ မြို့နယ်များရှိ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနှင့်ပူးပေါင်း၍ ပြပွဲတက်ရောက်ဝယ်ယူခွင့်ဆိုင်ရာကိစ္စရပ်များကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၂ ရက် အထိ ဆောင်ရွက်ပေးမည်ဖြစ်သည်။

**စတင်ဆောင်ရွက်ပေးသွားမည်**

အလားတူ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအတွက် ပြပွဲတက်ရောက်ဝယ်ယူခွင့်ဆိုင်ရာ ကိစ္စရပ်များကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမရှိ ရတနာကုန်သည် မှတ်ပုံတင်အဆောက်အအုံတွင် ဖေဖော်ဝါရီ ၂၅ ရက်မှ စတင်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ ပြပွဲဝင်ခွင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ ပိုမိုအဆင်ပြေစေရန် ပြပွဲဝင်ခွင့်ပုံစံများကို ဖေဖော်ဝါရီ ၁၆ ရက်မှစတင်၍ www.mining.gov.mm နှင့် www.mge.gov.mm တို့မှတစ်ဆင့် Download ရယူပြီး ကြိုတင်ဖြည့်စွက် မှတ်ပုံတင်နိုင်ကြောင်းနှင့် Online မှတစ်ဆင့် လျှောက်ထားလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း Website ဖြစ်သည့် www.mge.gov.mm, Online Pre-Registration System တွင် ကြိုတင်မှတ်ပုံတင်၍ ပြပွဲတက်ရောက်ခွင့်ကိစ္စရပ်များ ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**ဆက်သွယ်စုံစမ်းနိုင်**

ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ် (နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ကျောက်မျက် ရတနာပြတိုက်(ရန်ကုန်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မန္တလေး၊ မိုးကုတ်၊ မိုင်းရှူး)နှင့် မြစ်ကြီးနားမြို့၊ ခန္တီးမြို့၊ မိုးညှင်းမြို့များတွင် အခြေပြုသည့် ကျောက်စိမ်းတူးဖော်ရေးဌာန (စခန်းရုံး)များတွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၁၉ ခုနှစ်အား မဲခေါင်-ဂျပန် ချစ်ကြည်ရေးနှစ်အဖြစ် သတ်မှတ်

**နေပြည်တော် ဇန်နဝါရီ ၁၀**
ဂျပန်နိုင်ငံနှင့်မဲခေါင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက် ၂၀၁၉ ခုနှစ်အား မဲခေါင်-ဂျပန် ချစ်ကြည်ရေးနှစ်အဖြစ် သတ်မှတ်၍ အထိမ်းအမှတ်လှုပ်ရှားမှုများ ဆောင်ရွက်သွားရန် ၂၀၁၈ ခုနှစ် အောက်တိုဘာလက ဂျပန်နိုင်ငံတွင် ကျင်းပခဲ့သော (၁၀)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေး၌ သဘောတူညီခဲ့သည်။




**၂၀၀၇ ခုနှစ်တွင် စတင်ခဲ့**

မဲခေါင်-ဂျပန် ချစ်ကြည်ရေးနှစ်သည် မဲခေါင်ဒေသနိုင်ငံများ၏ လူမှုရေး၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဂျပန်နိုင်ငံနှင့် မဲခေါင်နိုင်ငံများအကြား ဆောင်ရွက်နေသော "မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်"အရ ပြုလုပ်ခြင်းဖြစ်ပြီး မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ကို ၂၀၀၇ ခုနှစ်တွင် စတင်ခဲ့ကာ အဖွဲ့ဝင်များအဖြစ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နှင့် ဂျပန်နိုင်ငံတို့ပါဝင်ကြောင်း သိရသည်။

မဲခေါင်-ဂျပန် ချစ်ကြည်ရေးနှစ် ကျင်းပရခြင်း ရည်ရွယ်ချက်မှာ ဂျပန်နိုင်ငံနှင့် မဲခေါင်ဒေသနိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်၊ စီးပွားရေး၊ ယဉ်ကျေးမှု အပြန်အလှန်ဖလှယ်နိုင်ရန်နှင့် ခရီးသွားလုပ်ငန်းများ ပိုမိုမြှင့်တင်သွားနိုင်ရန်ဖြစ်သည်။

**အမှတ်တံဆိပ်(logo)**

မဲခေါင်-ဂျပန် ချစ်ကြည်ရေးနှစ်အတွက် အသုံးပြုမည့် အမှတ်တံဆိပ်(logo)အား မဲခေါင်နိုင်ငံများကို ကိုယ်စားပြုသော မဲခေါင်မြစ်နှင့် ဂျပန်နိုင်ငံကို ကိုယ်စားပြုသော နေဝန်းတို့ဖြင့် သရုပ်ဖော်ထားကာ အမှတ်တံဆိပ်ဖန်တီးသူမှာ ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးမြို့၌ နေထိုင်သော ဂျပန်လူမျိုး Mr. Toru Narumi ဖြစ်ပြီး (၁၀)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေး၌ အတည်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါ အမှတ်တံဆိပ်ကို ၂၀၁၉ ခုနှစ်အတွင်း ပြုလုပ်မည့် မြန်မာ-ဂျပန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလှုပ်ရှားမှုများ၊ ဂျပန်နိုင်ငံနှင့် မဲခေါင်နိုင်ငံများအကြား ပြုလုပ်သော ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လှုပ်ရှားမှုများတွင် အသုံးပြုသွားမည်ဖြစ်သည်။

ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းများအနေဖြင့် ၂၀၁၉ ခုနှစ်အတွင်း ပြုလုပ်မည့် လှုပ်ရှားမှုများကို မဲခေါင်-ဂျပန် ချစ်ကြည်ရေးနှစ် အထိမ်းအမှတ်အဖြစ် ကျင်းပလိုပါက မှတ်ပုံတင်ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်နိုင်ပြီး အဆိုပါ လှုပ်ရှားမှုများကို Mekong-Japan Exchange Year 2019 website ၏ Event Calendar တွင် ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်သည်။

**လျှောက်လွှာများရယူနိုင်**

ခွင့်ပြုချက်ရယူရန်အတွက် အသေးစိတ်အချက်အလက်များကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၊ ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဌာန (ဖုန်းနံပါတ် -၀၆၇-၃၄၁၂၄၄၇)နှင့် မြန်မာနိုင်ငံဆိုင်ရာ-ဂျပန်သံရုံး (Information and Culture Section)၊ နတ်မောက်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်းနံပါတ် (+၉၅) (၀၁)-၅၄၉၆၄၄-၈၊ ဖက်စ် (+၉၅) (၀၁)-၅၄၉၆၄၃၊ အီးမေးလ်: info.cul@yn.mofa.go.jp တို့တွင် စုံစမ်းကာ လျှောက်လွှာများရယူနိုင်ပြီး လိုအပ်သည့် အချက်အလက်များအား ရန်ကုန်မြို့ ဂျပန်သံရုံး website ဖြစ်သည့် https://www.mm.emb-japan.go.jp/itprtop_en/index. html တွင်လည်း ဖော်ပြထားကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီ) ချီးမြှင့်ပွဲ မတ် ၂၃ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၀**
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ပေးအပ်ချီးမြှင့်သည့် ၂၀၁၈ ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ) ချီးမြှင့်ပွဲအခမ်းအနားကို မတ် ၂၃ ရက်တွင် ရန်ကုန်မြို့ ရွှေထွန့်တင်ဝင်း၌ ကျင်းပရန်စီစဉ်ထားကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ သိရသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက "ကျင်းပမယ့်ရက်ကတော့ မတ် ၂၃ ရက်ပါ။ ကျွန်တော်တို့ ရွှေထွန့်တင်ဝင်းမှာကျင်းပဖို့ အကြမ်းဖျင်းယာယီလျာထားပါတယ်။ သို့သော် ဒီထက်ပိုမိုပြီးတင့်တယ်တဲ့၊ ဒီထက်ပိုမိုပြီး အဆင်ပြေစွာ၊ ခမ်းနားစွာကျင်းပနိုင်မယ့် နေရာတစ်ခုကိုလည်း ကြိုးစားနေဆဲဖြစ်ပါတယ်။ ရရှိပြီ၊ သေချာပြီဆိုမှ အသိပေးမှာဖြစ်ပါတယ်"ဟု ပြောသည်။

၂၀၁၈ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကား ၈၃ ကားကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကကြီးများနှင့် ပြင်ပပညာရှင်များ စုစုပေါင်း ၄၇ ဦး ပါဝင်သည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု စိစစ်အကဲဖြတ်ရေးအဖွဲ့မှ အကြိမ်ကြိမ်စိစစ်ကာ ဇာတ်ကားဆု၊ ဒါရိုက်တာဆု၊ ရုပ်ရှင်ဓာတ်ပုံဆု၊ ဇာတ်ညွှန်းဆု၊ အဓိကအမျိုးသားဇာတ်ဆောင်ဆု၊ အဓိကအမျိုးသမီးဇာတ်ဆောင်ဆု၊ အမျိုးသားဇာတ်ပို့ဆု၊ အမျိုးသမီးဇာတ်ပို့ဆု၊ နောက်ခံတေးဂီတဆု၊ အသံဆု၊ တည်းဖြတ်ဆု စသည့် ထူးချွန်ဆုများကို ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ပြီး အဆိုပါ ဆု ၁၁ ဆုအပြင် ရုပ်ရှင်တစ်သက်တာဆုအပါအဝင် ယခုနှစ်တွင် ထူးချွန်စွာ တီထွင်ဖန်တီးခဲ့ခြင်းမျိုးရှိခဲ့ပါက အထူးဆုအနေဖြင့် ကလေးသရုပ်ဆောင်ဆု၊ အဝတ်အစားအထူးဆု၊ မိတ်ကပ်ဆံပင်အထူးဆု၊ VFX.Animation အထူးဆု၊ Sound Design အထူးဆုများကိုပါ ချီးမြှင့်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

"၁၁ ဆုကို အဓိကထားချီးမြှင့်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် မနှစ်က စတင်ချီးမြှင့်တဲ့ ရုပ်ရှင်တစ်သက်တာဆုကို ဒီနှစ်မှာလည်း သတ်မှတ်ချက်တွေနဲ့ ကိုက်ညီတဲ့ ပုဂ္ဂိုလ်ရှိတယ်ဆိုရင်လည်း ချီးမြှင့်မှာဖြစ်ပါတယ်။ ဒါ့အပြင် အထူးဆုကိုတော့ မူလသတ်မှတ်ထားတဲ့ ၁၁ ဆုထဲမှာ မပါဝင်တဲ့ မိတ်ကပ်၊ အဝတ်အစား၊ ကလေးသရုပ်ဆောင် စသဖြင့် ဒီပညာရပ်တွေထဲက ထူးထူးချွန်ချွန်ရှိလာခဲ့ရင်လည်း ချီးမြှင့်ပေးမှာဖြစ်ပါတယ်။ ၁၁ ဆုကနေ ၁၃ ဆုကြား ချီးမြှင့်သွားမှာဖြစ်ပါတယ်"ဟု ဦးဇင်ဝိုင်းက ပြောသည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီ)ကို ၁၉၅၂ ခုနှစ်မှ စတင်ချီးမြှင့်ခဲ့ရာ ယခုအကြိမ်သည် ၆၃ ကြိမ်မြောက်ဖြစ်ပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ၂၀၁၄ ခုနှစ်တွင် တာဝန်ယူကျင်းပခဲ့ရာ ယခုနှစ်ဆိုလျှင် ငါးကြိမ်မြောက်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-သီသီမင်း၊ ဓာတ်ပုံ-ဇော်မင်းလတ်**



မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်း

# မြန်မာနိုင်ငံ သတင်းစာဆရာအသင်းက ကြီးမှူးပြီး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်မည်

**ရန်ကုန် ဇန်နဝါရီ ၁၀**
မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (MJA)က ကြီးမှူးပြီး ပထမအကြိမ် ကျင်းပသည့် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု Star Awards ချီးမြှင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ သုဝဏ္ဏဘူမိ Event Park ၌ ဧပြီ ၅ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်ရှိ The Yangon Gallery ၌ ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။



**အသိအမှတ်ပြု**

မြန်မာ့ရုပ်ရှင် Star Awards ဆုရွေးချယ်ရေးကော်မတီမှ ပြန်ကြားရေးမှူး ကိုသာဇော်က "ဒီ Star Awards ပွဲကို လွန်ခဲ့တဲ့ အနှစ် ၂၀ လောက်ကတည်းက ဦးဝင်းငြိမ်းတို့၊ ဦးမြတ်ခိုင်တို့၊ ဦးဟိန်းလတ်တို့ ဂျာနယ်ခေတ်စတင်ချိန် ကတည်းကစပြီး အကောင်အထည်ဖော်ချင်ခဲ့တာပါ။ အခု လုပ်ခွင့်ရလာတဲ့ အခါကျတော့ အကောင်အထည်ဖော်တဲ့ သဘောပဲ၊ နိုင်ငံတကာမှာလည်း နိုင်ငံအသီးသီးမှာရှိတဲ့ သတင်းစာဆရာတွေအနေနဲ့ အလားတူဆုတွေ ရွေးချယ်ပြီး ချီးမြှင့်တဲ့နည်းတူ မြန်မာနိုင်ငံ သတင်းစာဆရာ အသင်းကလည်း မြန်မာ့ရုပ်ရှင်လောက တိုးတက်ရေး၊ ရုပ်ရှင်လောကသားတွေရဲ့ ထူးချွန်ပြောင်မြောက်တဲ့ စွမ်းဆောင်မှုတွေကို အသိအမှတ်ပြုအားပေးတဲ့အနေနဲ့ ဒီဆုကိုပေးဖို့ စီစဉ်ခဲ့တာ ဖြစ်ပါတယ်"ဟု ပြောသည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု Star Awards ဆုကို မြန်မာနိုင်ငံသတင်းစာဆရာအသင်းက ကြီးမှူးပြီး Organizer အနေဖြင့် Stellar Seven Entertainment က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**စီစဉ်ပံ့ပိုးပေး**

Stellar Seven Entertainment မှ Lynn Whut Hmone က "သတင်းစာဆရာအသင်းက ကြီးမှူးပြီး ဆုရွေးချယ်တဲ့အပိုင်းတာဝန်ယူတယ်၊ ကျွန်မတို့ Stellar Seven ကတော့ ဒီပွဲကို စီစဉ်ပေးတဲ့ အပိုင်းပေါ့၊ လိုအပ်တဲ့အပိုင်းကနေ စီစဉ်ပံ့ပိုးပေးမယ်၊ နေရာထိုင်ခင်းကအစ၊ ဖိတ်စာဖိတ်တာ၊ လက်မှတ်ရောင်းတာကအစ စီစဉ်ပေးမှာပါ"ဟုပြောသည်။

အဆိုပါဆုချီးမြှင့်ပွဲတွင် ၂၀၁၈ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် ရုပ်ရှင်ဇာတ်ကား ၈၃ ကားအနက်မှ ဆန်ခါတင် ဇာတ်ကား ၂၀ ကို ဆုရွေးချယ်ရေးကော်မတီအဖွဲ့ဝင်များ၏ မဲစနစ်ဖြင့် ရွေးချယ်ကာ ဇာတ်လမ်းဆု၊ အကောင်းဆုံးဓာတ်ပုံဆု၊ ဒါရိုက်တာဆု၊ အမျိုးသမီးဇာတ်ဆောင်ဆု၊ အမျိုးသားဇာတ်ဆောင်ဆု၊ အမျိုးသမီးဇာတ်ပို့ဆု၊ အမျိုးသားဇာတ်ပို့ဆုများအပါအဝင် ဆုအမျိုးအစား ၁၅ ဆုကို ပေးအပ်သွားမည်ဖြစ်ပြီး ဆုတစ်ဆုလျှင် ကျပ်သိန်း ၅၀ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရွေးချယ်ချီးမြှင့်သွားမည်**

ထိုသို့ ဆုများရွေးချယ်ရန် သတ်မှတ်ရာတွင်လည်း ဆန်ခါတင် ရုပ်ရှင်ဇာတ်ကားများကို အဖွဲ့ဖြင့် တစ်ကားချင်းကြည့်ရှုကာ ရုပ်ရှင်ပညာရှင်များ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်းမှ ဆုရွေးချယ်ရေးကော်မတီများ၏ အကဲဖြတ်အမှတ်များဖြင့် ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်သည့်အပြင် ရုပ်ရှင်ဝါသနာရှင်များ၊ ရုပ်ရှင်ကြည့် ပရိသတ်များက ပေးသောမဲများဖြင့် ရွေးချယ်ချီးမြှင့်မည့် ဆုများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

သရုပ်ဆောင် ကိုလွင်မိုးက "ဒီ သတင်းကြားကတည်းက တော်တော်လေးကို ပီတိဖြစ်မိပါတယ်။ ကျွန်တော်တို့ ရုပ်ရှင်လောကအတွက် ပံ့ပိုးမှုတစ်ခုပါ။ ဒီဆုကိုပေးတဲ့သူတွေက ဟိုးအရင်ကတည်းက ကျွန်တော်တို့ ရှေ့မှာရှိခဲ့တဲ့ ရုပ်ရှင်လောကသားတွေနဲ့အတူ လက်တွဲလာခဲ့တဲ့ စာနယ်ဇင်းဆရာကြီးတွေပဲဖြစ်ပါတယ်။ သူတို့က ရုပ်ရှင်နဲ့ပတ်သက်ရင် ပံ့ပိုးပေးခဲ့သူတွေပဲဖြစ်ပါတယ်။ ဒီဆုကို စာနယ်ဇင်းဆရာတွေက ရွေးချယ်ပေးမယ်ဆိုတော့ လှိုက်လှိုက်လှဲလှဲ ကြိုဆိုရမှာဖြစ်ပါတယ်"ဟု ပြောသည်။

**အလှူငွေပေးအပ်**

အခမ်းအနားတွင် မြန်မာ့ရုပ်ရှင် Star Awards ဆု ရွေးချယ်ရေးကော်မတီမှ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ အလှူငွေကျပ် သိန်း ၁၅၀၊ ကိုလူချောများအဖွဲ့သို့ အလှူငွေကျပ် သိန်း ၁၀၀၊ ကွယ်လွန်သွားပြီဖြစ်သည့် သရုပ်ဆောင် ကိုမင်းစိန်၏ ကျန်ရစ်သူမိသားစုအတွက် အလှူငွေကျပ် ၁၀ သိန်း၊ ဆေးရုံတက်ရောက်ကုသနေသည့် သရုပ်ဆောင် ကစ်ကစ်အတွက် အလှူငွေကျပ် ၁၀ သိန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**သီသီမင်း**

## စာပေလေ့လာကျက်မှတ်တဲ့နေရာမှာ အလွတ်ကျက်မှတ်တာမဟုတ်ဘဲနဲ့ ကိုယ်ဟာဘယ်လောက် အဓိပ္ပာယ်ကိုနားလည်ပြီး ကျက်မှတ်ထားသလဲ။ ကျက်မှတ်လေ့လာနည်းအပေါ်မှာ သူတို့ရဲ့အရည်အသွေးကို ပေါ်လွင်စေတဲ့ မေးခွန်းတစ်မျိုး ဖြစ်ပါတယ်။

သတ္တဗေဒဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာသီတာလေးသွယ်

### ၂၀၁၉ ခုနှစ် မတ်လစာမေးပွဲတွင် စတင်အသုံးပြုမည့် တက္ကသိုလ်ဝင်တန်းမေးခွန်းပုံစံသစ်ဆိုင်ရာ ပညာရေးစကားဝိုင်း

**၂၀၁၉ ခုနှစ် မတ်လစာမေးပွဲတွင် စတင်အသုံးပြုမည့် တက္ကသိုလ်ဝင်တန်းမေးခွန်းပုံစံသစ်ဆိုင်ရာ ပညာရေးစကားဝိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရိုက်ကူးထုတ်လွှင့်ခဲ့ပါသည်။ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း၊ မြန်မာစာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာ အောင်မြင့်ဦး၊ အင်္ဂလိပ်စာဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာပိုးပိုး၊ သင်္ချာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာချိုဝင်း၊ သတ္တဗေဒဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာသီတာလေးသွယ်၊ ဓာတုဗေဒဌာန ပါမောက္ခ ဒေါက်တာ နီနီသန်းနှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် အသုံးချဘောဂဗေဒဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာဖြူဖြူအိတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်-**

**သတင်းအဖွဲ့**

**(ယမန်နေ့မှအဆက်)**

**အစီအစဉ်မှူး။ ။ ရူပဗေဒဘာသာရပ်နဲ့ပတ်သက်ပြီးတော့ ပြုပြင်ပြောင်းလဲထားတဲ့ မေးခွန်းပုံစံလေးတွေ၊ ဘယ်အပိုင်းတွေမှာ ထူးထူးခြားခြားပြောင်းလဲထားလည်းဆိုတာ ပြောပြပေးစေလိုပါတယ်။**

**ဒေါက်တာဖိုးကောင်း။** ။ရူပဗေဒကတော့ ရူပဗေဒအသိသညာတွေကို အခြေခံပြီးဆက်စပ်တွေးတောအသုံးချရတဲ့ပုံနဲ့ မေးခွန်းပုံစံရှင်းလင်းသွားဖို့ နည်းနည်းပြုပြင်ပြောင်းလဲထားတာ ရှိပါတယ်။ ဥပမာအနေနဲ့ (Section A) နံပါတ်(၁)မှာ မှား၊ မှန်ရောထွေး အမှန်ရွေး Multiple Choice မှာပြင်ထားတာလေးတွေ၊ နောက်တစ်ခါ နံပါတ်(၂)မှာ Matching လိုက်ဖက်ညီတာရွေးရတဲ့ မေးခွန်းမျိုးတွေ၊ ဓမ္မဓိဌာန် Objective Types တွေမှာ မေးခွန်းပုံစံလေးတွေ ပိုမိုရှင်းလင်းအောင် ပြုပြင်ပြောင်းလဲထားတာ ရှိပါတယ်။

**အစီအစဉ်မှူး။ ။ ဓာတုဗေဒဘာသာရပ်နဲ့ပတ်သက်ပြီးတော့ ပြုပြင်ပြောင်းလဲထားတဲ့မေးခွန်းပုံစံလေးတွေ၊ ဘယ်အပိုင်းတွေမှာ ထူးထူးခြားခြားပြောင်းလဲထားပါသလဲ။**

**ဒေါက်တာနီနီသန်း။** ။ဓာတုဗေဒဘာသာရပ်ရဲ့ မေးခွန်းပုံစံသစ်နဲ့ပတ်သက်ပြီး ရှင်းပြရမယ်ဆိုရင် ပြောင်းလဲမှုများစွာမရှိပါဘူး။ မေးခွန်းပုံစံသစ်မှာလည်း ယခင်လိုပဲ အပိုင်း (က)(Section A)နဲ့ အပိုင်း(ခ) (Section B)ဆိုပြီး နှစ်ပိုင်းပါဝင်မှာ ဖြစ်ပါတယ်။

(Section A) မှာတော့ နံပါတ်(၁)ကနေ (၄)အထိကို Matching၊ True or False၊ Fill in the blanks၊ Multiple Choice လေးမျိုးကို ပုဒ်ခွဲ ခုနစ်ပုဒ်စီမေးပြီးတော့ အပုဒ်အားလုံး ဖြေဆိုရမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၅) မှာ တစ်မှတ်တန် အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ရှင်းလင်းချက်၊ အဆိုပြုချက်မေးခွန်းခွဲ ရှစ်ပုဒ်မေးထားတဲ့အတွက် (Section A) မှာ စုစုပေါင်း ၃၆ မှတ်ဖိုး ဖြေဆိုရပါမယ်။ ဒါကြောင့်အပိုင်း (က) Section A အတွက် မေးခွန်းဟောင်းနှင့် မေးခွန်းသစ်ပြောင်းလဲခြင်းမရှိပါဘူး။

#### လေ့ကျင့်ထားဖို့ လိုအပ်

အပိုင်း(ခ) (Section B) မှာတော့ နံပါတ် (၆) မှာ မေးခွန်းတို နှစ်မှတ်တန်မေးခွန်းခွဲ ခြောက်ပုဒ်မေးမှာဖြစ်ပြီး အားလုံးဖြေဆိုရမှာ ဖြစ်ပါတယ်။ ရွေးချယ်ခွင့်မရှိပါဘူး။ မေးခွန်းနံပါတ်(၇)မှာတော့ အလယ်အလတ်မေးခွန်းဖြစ်တဲ့ လေးမှတ်တန်မေးခွန်းခွဲရှစ်ပုဒ်ထဲက နှစ်သက်ရာငါးပုဒ်ဖြေရမှာဖြစ်ပါတယ်။ ပြောင်းလဲခြင်းမရှိပါဘူး။ (Section B) ရဲ့မေးခွန်း နံပါတ်(၈)ကတော့ အရင်တုန်းက ပေးထားတဲ့ ပုံစံနဲ့ပြောင်းလဲပါတယ်။ ရွေးချယ်စရာ လျော့သွားတဲ့ သဘောဖြစ်ပါတယ်။ ပေးထားတဲ့ အပုဒ်ရေ ခြောက်ပုဒ်ထဲက နှစ်သက်ရာလေးပုဒ် ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ ၈၂ မှတ်ဖိုးထဲကနေ ၆၄ မှတ်ဖိုး ဖြေဆိုရမှာ ဖြစ်ပါတယ်။ (Section B) မှာတော့ နံပါတ်(၆)နဲ့ (၇)က ပြောင်းလဲခြင်းမရှိသော်လည်းပဲ နံပါတ်(၈) မှာတော့ ရွေးချယ်စရာ လျော့နည်းသွားမှာဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေအနေနဲ့ သင်ခန်းစာတွေကို သေသေချာချာ နားလည်အောင် လေ့လာပြီးတော့ ကျွမ်းကျင်ပိုင်နိုင်အောင် လေ့ကျင့်ထားဖို့ လိုအပ်ပါတယ်။



**အစီအစဉ်မှူး။ ။ဇီဝဗေဒမေးခွန်းကို ကျောင်းသား ကျောင်းသူတွေ အဆင်ပြေပြေဖြေဆိုနိုင်ဖို့အတွက် ဘယ်လိုများ ပြင်ဆင်လေ့လာထားသင့်သလဲဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

**ဒေါက်တာသီတာလေးသွယ်။** ။**အရင်ဆုံး မေးခွန်းအမှတ်စဉ်အနေနဲ့** ပြောရရင် အရင်မေးခွန်းမှာတုန်းက မေးခွန်းအမှတ်စဉ်(၅)ခု ရှိပါတယ်။ အခုတော့ မေးခွန်းအမှတ်စဉ်(၆)အထိ ဖြစ်သွားပါတယ်။

#### မူလမေးခွန်းနဲ့ မကွာခြား

ဖြစ်သွားတဲ့အကြောင်းအရင်းက မေးခွန်းအမှတ်စဉ်(၁) ကတော့ မူလမေးခွန်းနဲ့ မကွာခြားတဲ့ မှား၊မှန်ရွေး True or False မေးခွန်းဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၂)က ဒီနှစ်မှ ပြောင်းလဲထည့်သွင်းထားတဲ့ မေးခွန်းဖြစ်ပါတယ်။ Statement တစ်ခုမှာ ပေးထားတဲ့အဖြေမှန်ကို ကွက်လပ်ဖြည့်ရမှာပါ။ ဒါပေမယ့် ကွက်လပ်ဖြည့်တဲ့နေရာမှာ အောက်ဘက်မှာ ရွေးချယ်စရာလေးတွေကို ပေးထားပါတယ်။ ပေးထားတဲ့ ရွေးချယ်စရာတွေကနေ အဆီလျော်ဆုံးအဖြေမှန်ကို စဉ်းစားပြီးတော့ ရွေးပေးရမှာပါ။ အဲဒီမေးခွန်းကတော့ စာပေလေ့လာကျက်မှတ်တဲ့နေရာမှာ အလွတ်ကျက်မှတ်တာ မဟုတ်ဘဲနဲ့ ကိုယ်ဟာဘယ်လောက် အဓိပ္ပာယ်ကိုနားလည်ပြီး ကျက်မှတ်ထားသလဲ။ ကျက်မှတ်လေ့လာနည်းအပေါ်မှာ သူတို့ရဲ့အရည်အသွေးကို ပေါ်လွင်စေတဲ့ မေးခွန်းတစ်မျိုး ဖြစ်ပါတယ်။

#### စာလုံးပေါင်း မှန်မှန်ကန်ကန်

မေးခွန်းအမှတ်စဉ်(၃)ကတော့ အရင်မေးခွန်းမှာပါတဲ့ ကွက်လပ်ဖြည့်ပါ။ Statement တစ်ခုမှာရှိနေတဲ့ ကွက်လပ်ကို ဒီ Statement ပြီးပြည့်စုံသွားအောင် လေ့လာထားတဲ့အထဲက အဖြေမှန်ကိုထည့်ပြီး ဖြေဆိုပေးရမှာ ဖြစ်ပါတယ်။ အရေးကြီးတာက စာလုံးပေါင်းမှန်မှန်ကန်ကန် ဖြည့်စွက်ဖြေဆိုဖို့လိုပါတယ်။

အမှတ်စဉ်(၄)ကတော့ အရင်မေးခွန်းနဲ့တူပါတယ်။ ပေးမှတ် တစ်ပုဒ်ကို နှစ်မှတ်စီနဲ့မေးထားတာပါ။ Short Notes လေးတွေ ဖြေရမှာဖြစ်ပါတယ်။

မေးခွန်းအမှတ်စဉ်(၅)ကတော့ အရင်တုန်းကလိုပဲ Notes ကိုရေးပြီးတော့ ဖြေရတဲ့မေးခွန်းမျိုးပါ။ ဒါပေမယ့် ပေးမှတ်က ပြောင်းလဲထားပါတယ်။ အရင်ကပေးမှတ်လေးမှတ်ကနေ အခုငါးမှတ်ဖြစ်သွားပါတယ်။ ကျောင်းသား ကျောင်းသူတွေက အဲဒီပေးမှတ်နဲ့ လျော်ညီအောင် ဖြေဖို့လိုပါတယ်။ မေးတဲ့မေးခွန်းရဲ့ အသွားအလာကိုကြည့်ပြီး မေးခွန်းကိုနားလည်ရမယ်။ မေးခွန်းက မေးထားတဲ့အတိုင်း၊ မေးခွန်းကလိုချင်တဲ့ရှုထောင့်အတိုင်း ဖြေဆိုနိုင်ဖို့လိုတယ်။

မေးခွန်းအမှတ်စဉ်(၆)ကတော့ Essay Type ဖြေဆိုရတာပါ။ ဒီမေးခွန်းမှာ အရင်မေးခွန်းတုန်းက ပေးမှတ်ရှစ်မှတ်ပါ။ အခုမေးခွန်းမှာတော့ ပေးမှတ် ၁၀ မှတ် တိုးမြှင့်ထားပါတယ်။ အဲဒီလို ၁၀ မှတ် တိုးမြှင့်ထားတဲ့အတွက် ပေးမှတ်နဲ့လျော်ညီတဲ့အဖြေကို ဖြေဆိုရမှာပါ။ မေးထားတဲ့ မေးခွန်းရဲ့ လိုချင်တဲ့ရှုထောင့်ကို ထိမိအောင်ဖြေဆိုဖို့ လိုပါတယ်။

#### အရည်အသွေး တိုးတက်ပေါ်လွင်

ခြုံပြီးပြောရရင် မေးခွန်းပြောင်းလဲခြင်းမှာ ကျောင်းသား ကျောင်းသူတွေဟာ လေ့လာကျက်မှတ်တဲ့အခါ အလွတ်ကျက်မှတ်တာမျိုးမဟုတ်ဘဲ အကြောင်းအရာတွေကိုနားလည်လို့ မှတ်သားထားနိုင်တာမျိုး ပေါ်လွင်စေတဲ့အနေအထားမှာ ရှိပါတယ်။ ကျောင်းသား ကျောင်းသူတွေအတွက် ဆက်လက်ပြီး ကျယ်ကျယ်ပြန့်ပြန့် လေ့လာဆည်းပူးတဲ့အခါ ဒီလိုလေ့လာ ကျက်မှတ်နည်းလေးတွေက အသုံးဝင်တာကြောင့် ဒီလိုမေးခွန်းလေးတွေကို ဖြေဆိုရခြင်းအားဖြင့် အရည်အသွေး တိုးတက်ပေါ်လွင်စေမယ့် မေးခွန်း ပြုပြင်ပြောင်းလဲမှုဖြစ်တယ်လို့ ပြောချင်ပါတယ်။

ရှေ့ကမေးခွန်းအမှတ်စဉ် (၁)(၂)(၃)ကိုဖြေဆိုတဲ့အခါမှာ မေးခွန်းအပုဒ်လေးတွေ တစ်ပုဒ်ချင်းစီမှာရေးတဲ့ အမှတ်စဉ်လေးတွေဟာ ရောမဂဏန်းနဲ့ ရေးရတာဖြစ်တဲ့အတွက် တစ်နေရာမှာမှားသွားရင် နောက်ဆက်တိုက် ရောမဂဏန်းတွေက လွဲသွားနိုင်တဲ့အတွက် အဖြေဘယ်လိုပဲမှန်မှန် ဒီဘက်ကအမှတ်စဉ်နဲ့ ဟိုဘက်ကအဖြေနဲ့ အလွဲအချော်ဖြစ်သွားရင် အဖြေမှန်သော်ငြားလည်း ရမှတ်မရနိုင်ပါဘူး။ သတိထားပြီး သေသေချာချာ ရေးသားဖြေဆိုဖို့ မှာကြားချင်ပါတယ်။

**အစီအစဉ်မှူး။ ။ ပြောင်းလဲလိုက်တဲ့ မေးခွန်းပုံစံသစ်အပေါ်မှာ ကျောင်းသား ကျောင်းသူတွေ အဆင်ပြေပြေနဲ့ ဖြေဆိုနိုင်ဖို့အတွက် ဘယ်လိုပြင်ဆင်လေ့လာထားသင့်တယ်ဆိုတာ အကြံပေးချက်လေးပြောပြပေးပါဦး။**

စာမျက်နှာ ၁၁ သို့ »»






# ချင်းတွင်းမြစ်ကူးတံတား(ဟုမ္မလင်း) ဇန်နဝါရီ ၁၄ ရက်တွင်ဖွင့်လှစ်မည်

**ဟုမ္မလင်း ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ ဖြတ်သန်း စီးဆင်းလျက်ရှိသည့် ချင်းတွင်းမြစ်ပေါ်တွင် တည်ဆောက်ပြီးစီးသော ချင်းတွင်းမြစ်ကူးတံတား (ဟုမ္မလင်း)အား ဇန်နဝါရီ ၁၄ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း အဆိုပါတံတားကို တာဝန်ယူတည်ဆောက်ခဲ့သော ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့(၂)မှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဇေယျာစိုး၏ ပြောကြားချက်အရ သိရသည်။

ချင်းတွင်း မြစ်ကူးတံတား (ဟုမ္မလင်း)သည် ဟုမ္မလင်းမြို့နယ် တမူး - အောင်ဇေယျ - ကက်သာ- ဟုမ္မလင်း လမ်းမပေါ်တွင် တည်ရှိပြီး ဟုမ္မလင်းမြို့နှင့် ချင်းတွင်းမြစ် အနောက်ဘက်ခြမ်းရှိ ကက်သာကျေးရွာတို့နှင့် ဆက်သွယ်ထားသည့် အလျား ၂၇၆၂ ဒသမ ၆ ပေ၊ တံတားအကျယ် ၂၈ ပေရှိပြီး တစ်ဖက်လျှင် သုံးပေအကျယ်ရှိ လူသွားလမ်း နှစ်လမ်းပါရှိသည့် သံကူကွန်ကရစ်ဘိုးပိုင်၊ သံမဏိသံပေါင်တံတား အမျိုးအစားဖြစ်ပြီး ငွေကျပ် ၂၃၃၁၃ ဒသမ ၈ သန်း အကုန်အကျခံကာ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့(၂)က တာဝန်ယူ၍ ၂၁-၈-၂၀၁၆ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၃၁-၁၂-၂၀၁၈ ရက်တွင် ရာနှုန်းပြည့်ပြီးစီးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ ချင်းတွင်းမြစ်ကူးတံတား(ဟုမ္မလင်း)အား တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သဖြင့် ချင်းတွင်းအောက်ပိုင်းဒေသများ ဟုမ္မလင်းမြို့နယ်မှတစ်ဆင့် ချင်းတွင်းအနောက်ခြမ်းရှိ အိန္ဒိယနိုင်ငံနှင့် ထိစပ်လျက်ရှိသည့် နယ်စပ်မြို့ဖြစ်သော တမူးမြို့နယ်တို့နှင့် ကုန်စည်များလျင်မြန်စွာ ကူးသန်းနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**

❂ စာမျက်နှာ ၁၀ မှ

**ဒေါက်တာသီတာလေးသွယ်။** ။အကြံပြုချင်တာက ကျောင်းသား ကျောင်းသူတွေ အရင်ဆုံးသင်ခန်းစာကို စပြီးလေ့လာတဲ့ အချိန်မှာ အဓိပ္ပာယ်ကို သေချာနားလည်အောင် လုပ်သင့်ပါတယ်။ ပြီးတော့မှ အဓိပ္ပာယ်နားလည်ပြီဆိုရင် သူ့ရဲ့ ဆက်စပ်ပုံ ဆက်စပ်နည်း၊ အကျိုးအကြောင်းဆက်စပ်မှုလေးကို သိရှိအောင်လုပ်သင့်ပါတယ်။ ဒါမှ ကျက်မှတ်တဲ့အခါမှာ အကျိုးအကြောင်းဆက်စပ်နားလည်ပြီး မမေ့တော့မှာ ဖြစ်ပါတယ်။ အလွတ်ကျက်မှတ်ခြင်းအားဖြင့် မေ့လျော့သွားနိုင်ပြီး နည်းနည်းပဲ ကျက်မှတ်နိုင်မှာဖြစ်ပါတယ်။ အဓိပ္ပာယ်ကိုနားလည်အောင် အရင်ဆုံးဆောင်ရွက်ပြီးမှ ကျက်မှတ်လေ့လာပါလို့ အကြံပြုချင်ပါတယ်။ ပုံတွေကိုလည်းပဲ သေသေချာချာ ကောင်းမွန်စွာဆွဲနိုင်အောင်၊ ပုံတွေရဲ့ အညွှန်းနဲ့ ခေါင်းစဉ်တွေကိုလည်း သေသေချာချာ အဓိပ္ပာယ်နဲ့တကွ နားလည်အောင် တွေးတောကြံဆပြီး ကျက်မှတ်စေချင်ပါတယ်။ ဇယားပုံစံများနဲ့ Equation များကို ကျက်မှတ်တဲ့အခါ အကြမ်းရေးမှတ်ပြီး Notes ထုတ် ကျက်မယ်ဆိုရင် ပိုပြီးမှတ်သားနိုင်မှာ ဖြစ်ပါတယ်။ ဒါမှ စာမေးပွဲဖြေဆိုတဲ့အခါ ကျက်မှတ်ထားတာတွေကို စိတ်ထဲမှာစွဲမြဲပြီး မှန်ကန်တဲ့အဖြေကို ဖြေဆိုနိုင်မယ်လို့ ယူဆတဲ့အတွက် ကျက်မှတ်တဲ့နေရာမှာ စနစ်တကျ ကျက်မှတ်ဖို့ အကြံပေးချင်ပါတယ်။

**အစီအစဉ်မှူး။ ။ဘောဂဗေဒဘာသာရပ်နဲ့ပတ်သက်ပြီး ဘာကြောင့်မေးခွန်းပုံစံ ပြောင်းလဲရတယ်၊ ဘယ်လိုပြောင်းလဲထားတယ်ဆိုတာကိုလည်း ရှင်းပြပေးပါဦး။**

**ဒေါက်တာဖြူဖြူအိ။** ။ဘောဂဗေဒဘာသာရပ်ကတော့ အရင် မေးခွန်းမှာကတည်းက အလွတ်ကျက်တာ ၆၀ ရာခိုင်နှုန်းနဲ့ စဉ်းစားတွေးခေါ်ပြီး ဖြေရတဲ့မေးခွန်းက ၄၀ ရာခိုင်နှုန်း ပါပြီးသားပါ။ ဒါပေမယ့် မေးခွန်းရဲ့အားနည်းချက်က ပေးတဲ့မေးခွန်းပုဒ်ရေ များနေတာပါ။ အဲဒါကြောင့် မေးခွန်းပြင်ဆင်မှုက ပုဒ်ရေ လျှော့တာပဲ ရှိပါတယ်။

အရင်မေးခွန်းက အပိုင်းနှစ်ပိုင်းခွဲထားပါတယ်။ အပိုင်း(က)က နှစ်ပုဒ်ပါပြီး အဲဒီနှစ်ပုဒ်ကို အားလုံးဖြေဆိုခိုင်းပါတယ်။ အပိုင်း(ခ)က လေးပုဒ်ပေးထားပြီး အဲဒီလေးပုဒ်မှာ ရွေးချယ်စရာ မေးခွန်းအများကြီး ပေးထားပါတယ်။ အဲဒီလိုပေးထားတာဖြစ်တဲ့အတွက် ကျောင်းသား ကျောင်းသူတွေက ကျက်ရတဲ့အပုဒ်တွေကိုပဲဖြေပြီး စဉ်းစားတွေးခေါ်ပြီးဖြေရတဲ့ အပုဒ်မျိုးကို မဖြေဘဲနဲ့ထားလို့ရလာတယ်။ ဒါကြောင့် အလွတ်ပဲကျက်ကြပါတယ်။ အလွတ်ကျက်လို့ရတဲ့အပုဒ်တွေကိုလည်း ပေးထားတာများနေတဲ့အတွက်ကြောင့် ပုဒ်ရေလျှော့တာပဲ ရှိပါတယ်။

## ပြဋ္ဌာန်းစာအုပ် အပြည့်အဝလေ့လာ

အဓိကအားဖြင့် ပေးထားတဲ့ ပြဋ္ဌာန်းစာအုပ်ကို အပြည့်အဝလေ့လာစေချင်တဲ့အတွက် ပြင်တာပါ။ ပြဋ္ဌာန်းစာအုပ်မှာ အခန်းခြောက်ခန်း ပါပါတယ်။ အရင်တုန်းက အဲဒီခြောက်ခန်းက သုံးခန်းဖတ်ရင်ကို ဂုဏ်ထူးထွက်အောင်ဖြေနိုင်တဲ့အထိ အလွတ်ကျက်ပြီး အမှတ်ရနိုင်ပါတယ်။ အဲဒါကို ပြင်မှာဖြစ်ပါတယ်။ အဓိကအားဖြင့် ရည်ရွယ်တာက ပြဋ္ဌာန်းစာအုပ်ကို အပြည့်အဝလေ့လာစေချင်တယ်။ စဉ်းစားဆင်ခြင်တတ်တဲ့ မေးခွန်းမျိုးကို ဖြေတတ်စေချင်တယ်။ အဲဒီရည်ရွယ်ချက်နဲ့ ပြင်ဆင်တာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။မေးခွန်းပုံစံသစ်ကို စတင်ပြောင်းလဲမှာဖြစ်တဲ့အတွက် ကျောင်းသား ကျောင်းသူတွေကို အခက်အခဲ၊ ဝန်ထုပ်ဝန်ပိုးမဖြစ်စေဖို့ ဘယ်လိုစီစဉ်ဆောင်ရွက်နေတယ်ဆိုတာကို သိချင်ပါတယ်။**

**ဒေါက်တာအောင်မြင့်ဦး။** ။မေးခွန်းပုံစံပြောင်းလဲတဲ့အခါမှာ ဘာသာရပ်အားလုံးရဲ့ မေးခွန်းပုံစံပြောင်းလဲခြင်းရဲ့ ဦးတည်ချက်က သင်ကြားသင်ယူမှု ထိရောက်စေဖို့၊ ကျောင်းသား ကျောင်းသူတွေ လက်တွေ့ဘဝမှာ အသုံးချနိုင်ဖို့၊ ဘာသာရပ်ကို တကယ်နားလည်ပြီး နားလည်ထားတဲ့အတိုင်း ဖြေဆိုနိုင်ဖို့ဖြစ်ပါတယ်။ အလွတ်ကျက်တာကို လျှော့တယ်ဆိုကတည်းက ဝန်ထုပ်ဝန်ပိုးလျော့စေချင်တာပါ။ တစ်နှစ်ပတ်လုံး သင်လာတဲ့စာတွေအပေါ်မှာ စဉ်းစားတွေးခေါ်ပြီးတော့ ဖြေဆိုနိုင်ဖို့ အလွတ်ကျက်မှတ်တဲ့ရာခိုင်နှုန်းကို လျှော့ချရတဲ့အတွက် ဝန်ထုပ်ဝန်ပိုးလျော့စေချင်တဲ့ရည်ရွယ်ချက်ပါ။ အဓိကကတော့ ဒီရည်ရွယ်ချက်တွေကို ဦးတည်ထားတာပါ။

မေးခွန်းပုံစံပြောင်းမယ်ဆိုတဲ့ အခု ပညာသင်နှစ် (၂၀၁၈-၂၀၁၉) ပညာသင်နှစ် ကျောင်းစဖွင့်တဲ့အချိန်မှာ သတင်းစာတွေထဲမှာ မေးခွန်းပုံစံပြောင်းလဲတာနဲ့ ပတ်သက်ပြီး ဘာသာရပ်တိုင်းဆောင်းပါးတွေ ဖော်ပြပေးခဲ့ပါတယ်။ အဲဒီလို ဖော်ပြတဲ့အခါမှာ နမူနာမေးခွန်းပုံစံတစ်စုံစီ ဖော်ပြထားပါတယ်။ နောက်တစ်ခါ နမူနာမေးခွန်းပုံစံနှစ်စုံစီ သတင်းစာထဲမှာ ထပ်ပြီးဖော်ပြထားပါတယ်။ စုစုပေါင်း မေးခွန်းပုံစံသစ် နမူနာမေးခွန်းပုံစံသုံးစုံစီ ဖော်ပြထားတာ ဖြစ်ပါတယ်။ အဲဒီသတင်းစာထဲက ဖော်ပြချက်တွေကို ပညာရေးဝန်ကြီးဌာနရဲ့ ဝက်ဘ်ဆိုက်မှာ တင်ထားပါတယ်။ အဲဒီနောက်မှာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနဲ့ တွေ့ဆုံဆွေးနွေးခန်းတွေ ဘာသာရပ်အလိုက်ပြုလုပ်ပါတယ်။ ရေဒီယိုမှာလည်း ကျောင်းသင်ခန်းစာပို့ချချက်ဆိုပြီးတော့ ဘာသာရပ်အလိုက် မေးခွန်းတစ်ခု မေးခွန်းအမျိုးအစားအလိုက် ပို့ချထုတ်လွှင့်ပါတယ်။ စာမေးပွဲနီးလာတဲ့အခါမှာလည်း ရုပ်မြင်သံကြားက ကျောင်းသင်ခန်းစာ ပို့ချချက်တွေထပ်ပြီးတော့ ထုတ်လွှင့်မှာဖြစ်ပါတယ်။

## ဝန်ထုပ်ဝန်ပိုးနည်း

အဓိကကတော့ သင်ကြားတဲ့ ဆရာ ဆရာမတွေအနေနဲ့ ထုတ်လွှင့်ထားတဲ့ သတင်းဆောင်းပါးတွေ၊ ပို့ချချက်တွေကို သေသေချာချာ လေ့လာနားထောင်ပြီး ကျောင်းသား ကျောင်းသူတွေကို တကယ်တတ်အောင်၊ နားလည်သဘောပေါက်အောင် ကြိုးစားပြီး ဆောင်ရွက်မယ်ဆိုရင် ကျောင်းသား ကျောင်းသူတွေအတွက် ဝန်ထုပ်ဝန်ပိုးလျော့သွားမှာဖြစ်ပါတယ်။ ပြောင်းလဲရတဲ့ရည်ရွယ်ချက်ကလည်း အလွတ်ကျက်တာကို လျှော့ဖို့ဖြစ်တဲ့အတွက် ကျောင်းသား ကျောင်းသူတွေမှာ မြန်မာစာဆိုရင်လည်း စာစီစာကုံးကို တပင်တပန်းကျက်နေရပါတယ်။ အဲဒီလို ကျက်မှတ်မှုမျိုးကို လုံးဝရှောင်လို့ရတဲ့ မေးခွန်းမျိုးပြောင်းလဲထားတဲ့အတွက် ပင်ပင်ပန်းပန်း ကျက်စရာမလိုဘဲ ဘာသာရပ်အပေါ်မှာ စိတ်ဝင်တစားနဲ့ လေ့လာထားတဲ့အတွက် စာမေးပွဲမှာ ဝန်ထုပ်ဝန်ပိုးနည်းပြီး ရည်မှန်းတဲ့အတိုင်း အောင်အောင်မြင်မြင်နဲ့ ဖြေဆိုနိုင်မယ်လို့ မျှော်လင့်ထားပါတယ်။ လိုအပ်တဲ့ အပိုင်းတွေကိုလည်း တတ်နိုင်သလောက် ဖြည့်ဆည်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။

**အစီအစဉ်မှူး။ ။မေးခွန်းပုံစံသစ်ကို ပြောင်းလဲလိုက်တဲ့အတွက် ရရှိလာမယ့်အကျိုးကျေးဇူးတွေကို သိပါရစေ။**

**ဒေါက်တာဖိုးကောင်း။** ။မေးခွန်းပုံစံသစ်ကို ပြောင်းလဲလိုက်တဲ့အတွက် ရရှိလာမယ့် အကျိုးကျေးဇူးတွေကတော့ ကျောင်းသား ကျောင်းသူတွေ သင်ခန်းစာတွေကို အလွတ်နှုတ်တိုက် ရွတ်ဆိုကျက်မှတ်မှုတွေ လျော့ပါးလာမယ်၊ သင်ခန်းစာတွေကို အမှန်တကယ် ဖတ်မှတ်ထားတဲ့ နားလည်နိုင်စွမ်းတွေကို စစ်ဆေးအကဲဖြတ်လာနိုင်မယ်၊ သင်ခန်းစာတွေကို လက်တွေ့ဘဝမှာ ပြန်လည်အသုံးချတတ်လာမယ်၊ ကိုယ်ပိုင်အယူအဆ ထင်မြင်ချက်တွေကို ထုတ်ဖော်တင်ပြလာနိုင်မယ်၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ တီထွင်ဖန်တီးနိုင်စွမ်း၊ ခွဲခြမ်းစိတ်ဖြာနိုင်စွမ်း၊ ဆုံးဖြတ်ချက်ချနိုင်စွမ်းစတဲ့ ၂၁ရာစုစိန်ခေါ်မှုတွေအတွက် လိုအပ်တဲ့အရည်အသွေးတွေ တိုးတက်လာမှာ ဖြစ်ပါတယ်။

## ပိုမိုထိရောက်မှု

ဒါ့အပြင် တက္ကသိုလ်ဝင်တန်း တက်ရောက်နေတဲ့ ကျောင်းသားလူငယ်တွေအနေနဲ့ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးနောက် တက္ကသိုလ်ပညာကို ဆက်လက်ဆည်းပူးသည်ဖြစ်စေ၊ လုပ်ငန်းခွင်ဝင်သည်ဖြစ်စေ၊ နိုင်ငံတကာတက္ကသိုလ်တွေနဲ့ ချိတ်ဆက်ပြီး ပညာရေး ရှေ့ဆက်သည်ဖြစ်စေ အခြေခံကောင်းများရရှိစေဖို့ ရည်ရွယ်ပြီး ပြုပြင်ပြောင်းလဲထားတာ ဖြစ်ပါတယ်။ အချုပ်အားဖြင့် ပြောရမယ်ဆိုရင်တော့ တက္ကသိုလ်ဝင်တန်းမှာ မေးခွန်းပုံစံပြောင်းလဲလိုက်တဲ့အတွက် သင်ကြားသင်ယူမှုမှာ ပိုမိုထိရောက်မှုရှိလာပြီး ကျောင်းသား ကျောင်းသူတွေအတွက် အကျိုးကျေးဇူး ပိုမိုဖြစ်ထွန်းလာစေမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။အခုလို ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ပြောင်းလဲအသုံးပြုမယ့် မေးခွန်းပုံစံသစ်တွေနဲ့ပတ်သက်ပြီး ဆွေးနွေးပြောကြားပေးကြတဲ့ ဆရာကြီး ဆရာမကြီးများအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်ရှင်။**



# အမေရိကန်နှင့် ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးကျင်းပရန် မြောက်ကိုရီးယား စိတ်အားထက်သန်

**ပေကျင်း ဇန်နဝါရီ ၁၀**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ဒုတိယအကြိမ်မြောက် ထိပ်သီးအစည်းအဝေးတစ်ရပ်ကို ကောင်းမွန်သော ရလဒ်တစ်ခုအဖြစ် ဦးတည်ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချထားခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ကင်ဂျုံအန်သည် ဇန်နဝါရီ ၁၀ ရက်အထိ တရုတ်နိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်ခဲ့ပြီး ဇန်နဝါရီ ၈ ရက်နှင့် ၉ ရက်တို့တွင် ပေကျင်းမြို့၌ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဆွေးနွေးမှုများလုပ်ဆောင်ခဲ့သည်။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲနှင့် စပ်လျဉ်းသည့် ကနဦးအစီရင်ခံစာတွင်မူ ရှီကျင့်ဖျင်အနေဖြင့် အမေရိကန်-မြောက်ကိုရီးယား ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးကို ထောက်ခံပါကြောင်း ကင်ဂျုံအန်အား ပြောကြားခဲ့သည်ကို ဆင်ဟွာသတင်းဌာနက ဖော်ပြထားသည်။ ပြုံယမ်းနှင့် ဝါရှင်တန်တို့သည် တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို ဖြေရှင်းနိုင်လိမ့်မည်ဟုလည်း မျှော်လင့်ပါကြောင်း တရုတ်ခေါင်းဆောင် ရှီကျင့်ဖျင်က ပွင့်လင်းစွာ ဖော်ညွှန်းခဲ့သည်။



ပြုံယမ်းအနေဖြင့် ကိုရီးယားကျွန်းဆွယ်၏ နျူကလီးယားလုံးဝကင်းစင်ရေး ဆက်လက်ဆောင်ရွက်ရန်နှင့် တွေ့ဆုံဆွေးနွေးရေးနှင့် ညှိနှိုင်းမှုများမှတစ်ဆင့် နားလည်မှုရှိသောကိစ္စရပ်များကို ဖြေရှင်းရန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ကင်၏ပြောကြားချက်ကို ကိုးကား၍ ပြောကြားခဲ့သည်။ ကင်၏ တရုတ်နိုင်ငံခရီးစဉ်သည် မြောက်ကိုရီးယား ထိပ်တန်းခေါင်းဆောင်တစ်ဦးအနေဖြင့် လေးကြိမ်မြောက် သွားရောက်ခဲ့ခြင်းလည်းဖြစ်သည်။

ထရန့်နှင့် ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးကျင်းပရန် ပြင်ဆင်သည့်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံ၏ အဓိကထောက်ခံသည့်နိုင်ငံဖြစ်သော တရုတ်နိုင်ငံနှင့် ဆက်ဆံရေးများကိုလည်း ပိုမိုတိုးမြှင့်လုပ်ဆောင်သွားရန် ကင်ဂျုံအန်အနေဖြင့် ဆန္ဒရှိခဲ့ကြောင်း စောင့်ကြည့်အကဲခတ်သူများက ပြောကြားခဲ့သည်။ တရုတ်နိုင်ငံကလည်း ၎င်း၏မြောက်ကိုရီးယားနှင့် ရင်းနှီးသောဆက်ဆံရေးကိုချပြရန်နှင့် ကိုယ်ပိုင်ကောက်ကြောင်းကို မီးမောင်းထိုးပြရန် ဆန္ဒရှိခဲ့ကြောင်း စောင့်ကြည့်အကဲခတ်သူများက ဆိုသည်။ ကင်အနေဖြင့် မြောက်ကိုရီးယား၏ လူနေမှုအဆင့်အတန်းကိုမြှင့်တင်ရန် ၎င်း၏စိတ်အားထက်သန်မှုကိုလည်း ပြသရန်ဆန္ဒရှိခဲ့ကြောင်း စောင့်ကြည့်အကဲခတ်သူများက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## ယီမင်အစိုးရတပ်ဖွဲ့၏ စစ်ရေးပြပွဲကို ဟူသီသူပုန်များက မောင်းသူမဲ့လေယာဉ်ဖြင့်တိုက် လေးဦးသေဆုံး

**ဆာနား ဇန်နဝါရီ ၁၀**

ယီမင်နိုင်ငံတောင်ပိုင်း လာ့ဂျ်ပြည်နယ်တွင်ပြုလုပ်သည့် ယီမင်အစိုးရတပ်ဖွဲ့၏ စစ်ရေးပြပွဲအား မောင်းသူမဲ့လေယာဉ်တစ်စင်းဖြင့် တိုက်ခိုက်ခဲ့ရာ လေးဦးထက်မနည်း သေဆုံးပြီး ထိခိုက်ဒဏ်ရာရသူ ၂၀ ရှိကြောင်း ဟူသီသူပုန်အဖွဲ့က ဇန်နဝါရီ ၁၀ ရက်တွင် ပြောကြားသည်။

ယီမင်အစိုးရတပ်ဖွဲ့၏ အခြေစိုက်စခန်း အယ်လ်အန်းဒ်၌ ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းကပြုလုပ်သည့် စစ်ရေးပြပွဲအား ကဆက်ဖ်-၁ အမျိုးအစား မောင်းသူမဲ့လေယာဉ်တစ်စင်းဖြင့် တိုက်ခိုက်ခဲ့ကြောင်း ဟူသီသူပုန်များ ထိန်းချုပ်ထားသည့် ဆာဘားသတင်းဌာနက ပြောကြားသည်။

မောင်းသူမဲ့လေယာဉ်၏ ပစ်မှတ်သည် ယီမင်အစိုးရတပ်ဖွဲ့ စစ်ဦးစီးချုပ် အဗ္ဗဒူလာအယ်လ်နက်ခ်ဟေးနှင့် ၎င်း၏ လက်ထောက် ဆာလာအယ်လ်ဇင်ဒါနီနှင့် အခြားထိပ်တန်းခေါင်းဆောင်များဖြစ်ကြောင်း ဟူသီအဆင့်မြင့်တော်လှန်ရေးကော်မတီအကြီးအကဲ မိုဟာမက်အလီ အယ်လ်ဟူသီက ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြသည်။

ဟူသီသူပုန်တို့၏ မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုကြောင့် ယီမင်အစိုးရအား သစ္စာခံသည့်တပ်ဖွဲ့မှ ခေါင်းဆောင် ခြောက်ဦးသေဆုံးကြောင်း ဆော်ဒီအာရေဗျအစိုးရ အယ်လ်အာဖီးဟား ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ**

# ကွန်ဂိုသမ္မတ ရွေးကောက်ပွဲ၌ အတိုက်အခံပါတီခေါင်းဆောင် အနိုင်ရ

**ကင်ရှားဆား ဇန်နဝါရီ ၁၀**

လွန်ခဲ့သည့်လအတွင်းက ကျင်းပခဲ့သော ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ သမ္မတရွေးကောက်ပွဲတွင် အတိုက်အခံပါတီခေါင်းဆောင်က အနိုင်ရရှိခဲ့ကြောင်း ရွေးကောက်ပွဲကော်မရှင်က ဇန်နဝါရီ ၁၀ ရက်တွင် ထုတ်ပြန်ကြေညာသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ကျင်းပခဲ့သည့် သမ္မတရွေးကောက်ပွဲတွင် ကွန်ဂိုနိုင်ငံမှ အကြီးဆုံးအတိုက်အခံပါတီ၏ ခေါင်းဆောင် ဖိလက်စ် ရှီဆီကေဒီ အနိုင်ရရှိကြောင်း ကွန်ဂိုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြသည်။

ဘယ်ဂျီယန်နိုင်ငံထံမှ ၁၉၆၀ ပြည့်နှစ်တွင် လွတ်လပ်ရေးရရှိပြီးကတည်းက လက်နက်ကိုင်ပဋိပက္ခများနှင့် ဖိစီးနေခဲ့သည့် ကွန်ဂိုနိုင်ငံတွင် ပထမဆုံးအကြိမ် ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းနိုင်ရေးအတွက် ယခုရွေးကောက်ပွဲရလဒ်က ဦးတည်စေလိမ့်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းရွေးကောက်ပွဲရလဒ်သည် ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ၁၈ နှစ်ကြာမျှ တစ်ဦးတည်းသဘောဖြင့် စီမံအုပ်ချုပ်သည့် သမ္မတ ဂျိုးဇက် ကာဘီလာ၏ အုပ်ချုပ်မှုကို အဆုံးသတ်စေမည့် အမှတ်အသားလည်း ဖြစ်သည်။

ကွန်ဂိုနိုင်ငံတွင် သမ္မတ ဂျိုးဇက် ကာဘီလာ၏ သမ္မတသက်တမ်းသည် ၂၀၁၆ ခုနှစ်ကတည်းက ကုန်လွန်သွားခဲ့သော်လည်း နိုင်ငံအတွင်း၌ ၎င်းမှာ အာဏာရှိနေဆဲဖြစ်သည်။ ကွန်ဂိုနိုင်ငံပြည်တွင်းနှင့် ပြည်ပတွင်ပါ ဝေဖန်ပြောကြားမှုများ မြင့်တက်လာပြီးနောက်တွင် သမ္မတရွေးကောက်ပွဲပြုလုပ်ရန် ကြေညာခဲ့ခြင်းဖြစ်သည်။

သို့သော် ကွန်ဂို သမ္မတရွေးကောက်ပွဲ ကျင်းပပြီးစီးသော်လည်း အာဏာလွှဲပြောင်းပေးမှုမှာ ချောမွေ့မှု ရှိ၊ မရှိ မသေချာသေးပေ။ ကွန်ဂိုနိုင်ငံ၏ လုံခြုံရေးဆိုင်ရာ အေဂျင်စီများအပေါ်၌ သမ္မတ ကာဘီလာ၏ ဩဇာသက်ရောက်မှုများ အခိုင်အမာရှိနေခြင်းမှာလည်း အာဏာလွှဲပြောင်းပေးရေးနှင့်ပတ်သက်၍ စိုးရိမ်ဖွယ်ရာ အကြောင်းအချက်တစ်ခုဖြစ်သည်။

ကွန်ဂိုနိုင်ငံတွင် ဆူပူအုံကြွမှုများဖြစ်ပေါ်နိုင်မှုနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများရှိပြီး ကွန်ဂို သမ္မတရွေးကောက်ပွဲရလဒ်များ ထုတ်ပြန်ကြေညာခြင်းမရှိမီ ကြိုတင်၍ အမေရိကန်နိုင်ငံသားများအနေဖြင့် ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ထွက်ခွာကြရန် အမေရိကန်အစိုးရက တိုက်တွန်းခဲ့သည်။

**အေအက်ဖ်ပီ**



## ညောင်လွန့်တွင် ပညာရေးစုံညီပွဲတော်ကျင်းပ

**တပ်ကုန်း ဇန်နဝါရီ ၁၀**

နေပြည်တော် တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာအုပ်စု ညောင်လွန့်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပညာရေးစုံညီပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းရှိ ဧရာဝတီဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ဘောလုံးထူးချွန်သည့် ကျောင်းသူတစ်ဦးနှင့် ကျောင်းတွင်းအဆင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများ၊ မြို့နယ်အဆင့် မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာစွမ်းရည်ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူတို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် ကျောင်းသား ကျောင်းသူများက အကပဒေသာများ၊ တေးသရုပ်ဖော်များ၊ တေးဂီတဖျော်ဖြေမှုအစီအစဉ်များဖြင့် ကပြသီဆိုဖျော်ဖြေကြောင်း သိရသည်။

**တင်စိုးလွင်**





**ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင် ပညာရေးစုံညီပွဲတော်နှင့် ပဒေသာကပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အထက ၁ ပညာရတနာခန်းမတွင် ကျင်းပစဉ်။**

အောင်မင်း(မြောင်းမြ)

## ကော့ကရိတ်မြို့နယ်၌ ပညာရေးစုံညီပွဲတော်ကျင်းပ

**ကော့ကရိတ် ဇန်နဝါရီ ၁၀**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ဘိန်းတိုက်နယ် ကော့ဘိန်းကျေးရွာအုပ်စု ကော့ဘိန်းကျေးရွာ အလက(ခွဲ)တွင် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

**မင်းမွန်လှထွန်း(ကော့ဘိန်း)**

## ပင်လောင်း၌ ပညာရေးစုံညီပွဲတော်ကျင်းပ

**ပင်လောင်း ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် တောင်မဲသင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ ကျင်းပသည့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်မဲသင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဦးနန္ဒိယက ဩဝါဒစကားမြွက်ကြားပြီး အထက(တင်းထက်)ကျောင်းအုပ်ဆရာမကြီး ဒေါ်ရွှေလျှန်ထျာန်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းလင်း၊ အလက(တောင်မဲသင်း)ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးခိုင်တို့က အသီးသီးအမှာစကားပြောကြားကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပန်ဆောင်၌ ပညာရေးစုံညီပွဲတော်ကျင်းပ

**ပန်ဆောင် ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်ဆောင်မြို့၌ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက ပန်ဆောင်မြို့ အထကတွင် ကျင်းပသည်။

ပညာရေးစုံညီပွဲတော်ဂုဏ်ပြုသီချင်းဖြင့် အထက ကျောင်းသား ကျောင်းသူများက ကပြဖျော်ဖြေခဲ့ကြသည်။

**ချန်လော(ခန္တီး)**

# ပထမတန်းအမှတ်ပေးပြိုင်ပွဲ ဇန်နဝါရီ ၂၅ ရက် စတင်ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၀**
၂၀၁၉ ဘောလုံးရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲကို ဇန်နဝါရီ ၂၅ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး အသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြိုင်ပွဲကို ဇန်နဝါရီနောက်ဆုံးပတ်မှစ၍ တစ်ပတ်လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်ပြီး စလင်းကွင်းနှင့် ပဒုမ္မာကွင်း၌ နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ဇန်နဝါရီ ၁၀ ရက်က ပွဲစဉ်များ ထုတ်ပြန်ကြေညာခဲ့ပြီး လက်ရှိချန်ပီယံ ရှိုင်ရယ်သန်လျင်အသင်း အပါအဝင် ချင်းယူနိုက်တက်၊ အား/ကာသိပ္ပံ၊ မြဝတီ၊ မောရဝတီ၊ ကချင်ယူနိုက်တက်၊ ငွေကြယ်ပွင့်နှင့် တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပွဲစဉ် (၁)ကို ဇန်နဝါရီ ၂၅၊ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဇန်နဝါရီ ၂၅ ရက်တွင် ပဒုမ္မာကွင်း၌ မြဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်း၊ စလင်းကွင်း၌ ရှိုင်ရယ်သန်လျင်အသင်းနှင့် မောရဝတီအသင်း၊ ဇန်နဝါရီ ၂၆ ရက်တွင် ပဒုမ္မာကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် ငွေကြယ်ပွင့်အသင်း၊ စလင်းကွင်း၌ တက္ကသိုလ်အသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၂၅ ရက်မှ မတ် ၈ ရက်၊ ဒုတိယအကျော့ပွဲစဉ်များကို ဇွန် ၁၃ ရက်မှ ဇူလိုင် ၂၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ရှိုင်ရယ်သန်လျင်အသင်းသည် ၂၀၁၈ ဘောလုံးရာသီတွင် ချန်ပီယံဆုဆွတ်ခူးခဲ့သော်လည်း MNL တွင် ယှဉ်ပြိုင်နိုင်သည့် ဘတ်ဂျက်အနေအထား မရှိသောကြောင့် ပထမတန်းတွင် ဆက်လက်ယှဉ်ပြိုင်ရခြင်းဖြစ်သည်။

**ရှိုင်းထက်ဇော်**

# မန်စီးတီးအသင်းက ဘာတန်အား ကိုးဂိုးပြတ်အနိုင်ရရှိပြီး ကာရာဘာအိုဖလားဖိုင်နယ်ပွဲ တက်ရောက်ရန် အလားအလာကောင်း



ကာရာဘာအိုဖလားပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ် အဆင့်ပွဲစဉ်တစ်ပွဲဖြစ်တဲ့ မန်စီးတီးအသင်းနဲ့ ဘာတန်အသင်းတို့ရဲ့ ပွဲစဉ်မှာ မန်စီးတီးအသင်းက ဘာတန်အသင်းကို ကိုးဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် ကာရာဘာအိုဖလား ဖိုင်နယ်ပွဲ တက်ရောက်ရန် အလားအလာကောင်းသွားပြီ ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ဘာတန်အသင်းကို အနိုင်ရရှိခဲ့တဲ့ပွဲစဉ်မှာ မာရက်ဇ်၊ ဂျီးဆပ်၊ ဆာနေး၊ ဆေးလ်ဗား၊ ဂန်ဒိုဂန်၊ ဒီဘရိုင်း၊ ဇင်ချန်ကို၊ ဂါစီယာ၊ အော့တမန်ဒီ၊ ဝေါ်ကာ စတဲ့ ကစားသမားများကို ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်ကစားစေခဲ့ပြီး အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၅ မိနစ်မှာ ဒီဘရိုင်း၊ မိနစ် ၃၀၊ ၃၄၊ ၅၇ နဲ့ ၆၅ မိနစ်မှာ ဂျီးဆပ်၊ ၃၇ မိနစ်မှာ ဇင်ချန်ကို၊ ၆၂ မိနစ်မှာ ဖီးလ်ဖိုဒန်၊ မိနစ် ၇၀ မှာ ဝေါ်ကာနဲ့ ၈၃ မိနစ်မှာ မာရက်ဇ်တို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းအနေနဲ့ အခုလိုနိုင်ပွဲရရှိခဲ့တာကြောင့် နောက်ဆုံးကစားခဲ့တဲ့ လိဂ်ဖလားပွဲစဉ် ၁၅ ပွဲမှာ ၁၃ ပွဲအထိ နိုင်ပွဲရယူနိုင်ခဲ့တဲ့ မှတ်တမ်းတစ်ရပ်စိုက်ထူနိုင်ခဲ့ပြီး ၁၉၈၇ ခုနှစ်နောက်ပိုင်းမှာ ပြိုင်ဘက်အသင်းတွေအပေါ် တစ်ပွဲတည်း ရှစ်ဂိုးနှင့်အထက် သွင်းယူနိုင်ခဲ့တဲ့ ပထမဆုံးပွဲစဉ်လည်း ဖြစ်လာခဲ့ပါတယ်။ ၁၉၈၇ ခုနှစ်က မန်စီးတီးအသင်းဟာ ဟက်ဒါဖီးလ်အသင်းကို ၁၀ ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ဖူးတာလည်း ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ သွင်းဂိုးလေးဂိုးအထိ သွင်းယူနိုင်ခဲ့တဲ့ မန်စီးတီးတိုက်စစ်မှူး ဂျီးဆပ်ဟာ အိမ်ကွင်းအီတီဟက်ဒ်မှာ ဒုတိယအကြိမ်မြောက် ဟက်ထရစ်သွင်းယူနိုင်ခဲ့တာဖြစ်ပြီး ယခင်က မန်စီးတီးအသင်းနဲ့အတူ ကားလို့စ်တီဗက်ဇ် က ဟက်ထရစ်လေးကြိမ်နဲ့ အဂူရိုက ဟက်ထရစ် ၁၀ ကြိမ် အသီးသီးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

ကာရာဘာအိုဖလား ဒုတိယအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၂၁ ရက်တွင်လည်းကောင်း၊ ဖိုင်နယ်ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၄ ရက်တွင်လည်းကောင်း ကျင်းပသွားမှာဖြစ်ပါတယ်။

**ငွေကြယ်**

**○ မြန်မာ-တရုတ်မှ**

ကျင်စန်းကျော့ဂိတ် ပိတ်ထားခြင်းကြောင့် ဖရဲသီး၊ သခွားမွှေးများ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချမှု နှောင့်နှေးကြန့်ကြာခြင်းများနှင့် ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရပြီး ယင်းအခက်အခဲများ ဖြေရှင်းနိုင်ရန် မြန်မာနိုင်ငံ မူဆယ်မြို့ တာဝန်ရှိသူများနှင့် မူဆယ်-ရွှေလီ နယ်ခြားဆက်ဆံရေးအဖွဲ့များက နည်းလမ်းပေါင်းစုံဖြင့် လည်းကောင်း၊ ဇန်နဝါရီ ၈ ရက်တွင် မူဆယ်မြို့တာဝန်ရှိသူများနှင့် ရွှေလီမြို့ တာဝန်ရှိသူများ အလွတ်သဘော တွေ့ဆုံဆွေးနွေး အဖြေရှာဆောင်ရွက်ခဲ့မှုများကြောင့် ယနေ့တွင် ရလဒ်ကောင်းများဖြင့် ပြီးစီးအောင်မြင်ခဲ့ကြောင်း သိရသည်။

**ဗန်ရိုးထန်(ပြန်/ဆက်)**

## သတင်းပဒေသာ သိမှတ်ဖွယ်ရာ

### အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်မည်

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြားကပ်လှူခဲ့သော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီက ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### ရုပ်ရှင်ထူးချွန်ဆု စာနယ်ဇင်းအသိပေးမည်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကြီးမှူးကျင်းပမည့် ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားအတွက် စာနယ်ဇင်းရှင်းလင်းပွဲကို ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၃ နာရီတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### ကလေးပြုစုရေး အသိပညာပေးမည်

Maple Parent Club က ကြီးမှူးကျင်းပသော (၆)ကြိမ်မြောက် ကလေးသူငယ်ပြုစုပျိုးထောင်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၂ နာရီတွင် ဆန်းမစ်ပတ်ခ်ဗျူးဟိုတယ်၌ ဒေါက်တာဦးသိန်းလွင်နှင့် ဒေါက်တာ ဒေါ်ဝင်းဝင်းမြင့်တို့က ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။

### မြန်မာ့လက်မှုထုတ်ကုန်ပြပွဲ ကျင်းပမည်

မြန်မာ့လက်မှုအနုပညာအသင်း (MACA) က "မြန်မာ့လက်မှုပညာအစွမ်း ထည်ဝါအံ့မခန်းပေါ် ထွန်းရန်ရည်မှန်း ညီညာစွာကြိုးပမ်း"ဟူသော ဆောင်ပုဒ်အားလက်ကိုင်ထား၍ တတိယအကြိမ် အသင်းသားနှစ်ပတ်လည်နှင့် မြန်မာ့လက်မှုထုတ်ကုန်ပြပွဲကို ဇန်နဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်သည်စက်မှုအသင်းချုပ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### ပရဟိတအကြောင်း ဟောပြောမည်

ပင်းတယမီးအိမ်ရှင် ဆရာဝန်ကြီး ဒေါက်တာသန်းမင်းထွဋ်က ပရဟိတအကြောင်း ဟောပြောပွဲကို ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် House of Orchid ယခင်အောကစ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မြင့်စိုး**

# ပေါက်ခေါင်းမြို့နယ်၌ စီမံကိန်းရေးဆွဲနည်းသင်တန်းဖွင့်

**ပေါက်ခေါင်း ဇန်နဝါရီ ၁၀**
ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက (၂၀၁၈-၂၀၁၉) ဒုတိယ ၁၂ လအတွင်း (VDP) စီမံကိန်းရရှိသော ဂုံမင်းခုံကျေးရွာ၊ သိုက်ချောင်းကျေးရွာ၊ ချောင်းဖြောင့်ကျေးရွာ၊ မိုးမညိုမြောက်ကျေးရွာ၊ ရွာပုရွာသစ်ကျေးရွာ စုစုပေါင်း ကျေးရွာ ငါးရွာအား စီမံကိန်းရေးဆွဲနည်းသင်တန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီဒွန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ်(၁) ဦးဝင်းနိုင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်ကျေးလက်ဦးစီးမှူး၊ ဝန်ထမ်းများနှင့် သင်တန်းသားများ တက်ရောက်ခဲ့သည်။

**ခြူးနွယ်**



# ဦးကိုနီလုပ်ကြံခံရမှု တရားခံပြသက်သေ ခြောက်ဦးသာ စစ်ဆေးရန်ကျန်ရှိ

**ရန်ကုန် ဇန်နဝါရီ ၁၀**
ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရမှုကြောင့် သေဆုံးသွားသော တရားလွှတ်တော်ရှေ့နေ ဦးကိုနီနှင့် ပတ်သက်၍ သေနတ်သမား ကြည်လင်း(ခ)ဖိုးထူး၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုးနှင့် အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့ကို မြောက်ပိုင်းခရိုင်တရားရုံးသို့ ရုံးချိန်းပေါင်း (၉၉)ကြိမ်မြောက်အဖြစ် နံနက် ၁၀ နာရီက ရုံးထုတ်ရောက်ရှိခဲ့ကြရာ တရားခံ ဇေယျာဖြိုး၏ တရားခံပြသက်သေ သုံးဦး စစ်ဆေးမှုပြုလုပ်ရန် ခုံရုံးဥက္ကဋ္ဌမှ ပြီးခဲ့သည့်ရုံးချိန်းတွင် ခေါ်လာခဲ့ရန် မှာကြားထားသော်လည်း တင်ပြနိုင်ခြင်းမရှိ၍ စစ်ဆေးမှုပြုလုပ်နိုင်ခြင်းမရှိခဲ့သဖြင့် တရားခံများဘက်မှ ခံပြသက်သေ သုံးဦး ထပ်မံပယ်ခဲ့ကြောင်းနှင့် တရားခံပြသက်သေ ခြောက်ဦးသာ စစ်ဆေးမှုပြုလုပ်ရန် ကျန်ရှိတော့ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ဒုတိယခရိုင်တရားသူကြီး(၆) ဦးရဲလွင်က "လာမယ့်ရုံးချိန်း ဇန်နဝါရီ ၁၁ ရက်မှာ ကျန်ခံပြ ခြောက်ဦးထဲက သုံးဦး တင်ပြတဲ့အတွက် အဲဒီခံပြသက်သေသုံးဦးခေါ်လာပေးဖို့ ခုံရုံးဥက္ကဋ္ဌက ညွှန်ကြားလိုက်ပါတယ်။ အောင်ဝင်းဇော်ရဲ့ ခံပြသက်သေ ရဲမှူးကြီး ဝင်းမင်းသိန်းနဲ့ ပတ်သက်ပြီးတော့ အရင်တစ်ပတ်ရုံးချိန်းတုန်းက ဇန်နဝါရီ ၁၀ ရက်၊ ၁၁ ရက် လာဖို့ချိန်းဆိုထားတာရှိပေမယ့် ဇန်နဝါရီ ၃ ရက်ရုံးချိန်းမှာ တရားလိုဘက်က လိုက်ပါဆောင်ရွက်နေတဲ့ ဥပဒေအရာရှိ ဦးအောင်နိုင်ဦးဟာ နေပြည်တော်ကို ရာထူးတိုးစာမေးပွဲ သွားရောက်ဖြေဆိုရန်ရှိတဲ့အတွက် ဇန်နဝါရီ ၁၇ ရက်နဲ့ ၁၈ တို့မှာ ပြန်လည်ချိန်းဆိုပေးဖို့ ရုံးရှေ့မှာ တင်ပြလာပါတယ်။ အဲဒီတင်ပြချက်ကိုလည်း အထူးခုံရုံးက လက်ခံပြီးတော့ ရဲမှူးကြီးကို လာမယ့် ရုံးချိန်းလာနိုင်ဖို့ ပြန်လည်ချိန်းဆို သတ်မှတ်ပေးခဲ့ပါတယ်။ ဒီကနေ့ ဇန်နဝါရီ ၁၀ ရက်ထိဆိုရင် တရားခံ လေးဦးဘက်က တင်ပြထားတဲ့ ခံပြသက်သေ ၇၂ ဦးရှိတဲ့ထဲက ၃၆ ဦး စစ်ဆေးခဲ့ပြီးပယ်တာက ၃၀ ရှိတော့ စစ်ဆေးဖို့ ခြောက်ဦးပဲကျန်တော့မှာဖြစ်ပါတယ်"ဟု ပြောသည်။

**ရွှေမြိုင်မောင်ဖုန်း**

# စစ်တွေမြို့၌ မီးလောင်မှုဖြစ်ပွား

**စစ်တွေ ဇန်နဝါရီ ၁၀**
စစ်တွေမြို့ ပြည်တော်သာရပ်ကွက် မေယုလမ်းရှိ ပြည်နယ်တရားရုံးခြံဝင်းအတွင်း ဇန်နဝါရီ ၉ ရက် ည ၁၁ နာရီ မိနစ် ၄၀ တွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ စစ်တွေခရိုင် မီးသတ်ဦးစီးမှူးဦးဆောင်ပြီး သန္နေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ် နှစ်စီးတို့ဖြင့် ငြိမ်းသတ်ရာ ည ၁၁ နာရီ ၅၈ မိနစ်တွင် မီးငြိမ်းခဲ့သည်။

မီးလောင်မှုကြောင့် ပြည်နယ်တရားရုံးဝင်းအတွင်း သက်သေခံသိမ်းဆည်းထားသောဆိုင်ကယ် ၄၆ စီးနှင့် ဆိုက်ကားတစ်စီးတို့ မီးလောင်ဆုံးရှုံးသွားခဲ့ကြောင်းသိရသည်။ အဆိုပါမီးလောင်မှုအား စုံစမ်းစစ်ဆေးလျက်ရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# မြန်မာ့ရုပ်မြင်သံကြား

**၁၁-၁-၂၀၁၉ (သောကြာနေ့)**

**နံနက်ပိုင်း**

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
၇း၀၀ Breakfast News
၇း၃၅ MRTV Travelogue
၈း၃၅ "ဖွံ့ဖြိုးမှုအနာဂတ်ရောင်ခြည် မဝေးတော့ပြီ"
၉း၁၅ မျက်မှောက်ရေးရာအဖြာဖြာ
၉း၄၅ Soccer View
၁၀း၃၀ လူမှုစီးပွားမြင်ကွင်းများ
၁၁း၃၅ အလုပ်သမားရေးရာအစီအစဉ်
၁၂း၃၅ မြန်မာဇာတ်လမ်းတွဲ "စုံထောက်တင်မောင်ဆွေနှင့်မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း-၅) (ကြာမှုရှင်) (ဒုတိယပိုင်း) (ထိုက်တန်လင်း၊ မင်းသာKing၊ မေပန်းချီ၊ နေထိုက်၊ ညီဂျေ်) (ဒါရိုက်တာ-ဟိန်းဇော်)
၁၃း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့မှတ်တမ်း" (အပိုင်း-၁၃)
၁၄း၁၅ မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၃) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ မောင်ရူပ)

**ညပိုင်း**

၁၆း၃၅ "၂၀၁၉ ခုနှစ် မတ်လ တက္ကသိုလ်ဝင်စာမေးပွဲတွင် စတင်အသုံးပြုမည့်မေးခွန်းပုံစံသစ်ဆိုင်ရာသိမှတ်ဖွယ်ရာများ" (ရူပဗေဒဘာသာရပ်)
၁၇း၀၅ ကျန်းမာရေးမဂ္ဂဇင်း "နို့ချိုတိုက်ကျွေးမေ့ရင်သွေး"
၁၇း၁၅ Catch Asia News (Epi- 23)
၁၇း၃၅ Weekly Sport Info
၁၈း၂၀ BBC Click
၁၈း၃၀ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင်"လူပျိုသိုး. . . ည"+"ဟောက်စား"
၁၉း၁၅ မြန်မာဇာတ်လမ်းတွဲ "စုံထောက်တင်မောင်ဆွေနှင့်မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း-၆) (ကြာမှုရှင်) (ဇာတ်သိမ်းပိုင်း) (ထိုက်တန်လင်း၊ မင်းသာKing၊ မေပန်းချီ၊နေထိုက်၊ ညီဂျေ်) (ဒါရိုက်တာ-ဟိန်းဇော်)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ ပြည်သူ့အတွက်ဥပဒေစကားဝိုင်း "ဥပဒေမျက်စိပွင့်စေချင်လွန်းလို့" -မြန်မာဇာတ်လမ်းတွဲ "မော်လမြိုင်ရဲ့ည" (အပိုင်း-၁၀) (စိုင်းလျှံသခ်၊ ဖြိုးသိုက်၊ စျာန်ထူး၊ ဖူးဖူး) (ဒါရိုက်တာ-စျာန်ထူး) -"တို့ကျေးရွာရဲ့ချစ်မိတ်ဆွေ" -အစီအစဉ်ပြီး၏။

# ကားနှင့်ဆိုင်ကယ်တိုက်မိပြီး ဆိုင်ကယ်မောင်းသူသေဆုံး

**ညောင်လေးပင် ဇန်နဝါရီ ၁၀**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ထော်နွတ်ကျေးရွာအနီးတွင် ဇန်နဝါရီ ၉ ရက် ည ၈ နာရီခန့်က ဆိုင်ကယ်နှင့် ကားတို့တိုက်မိပြီး ဆိုင်ကယ်မောင်းသူမှာ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်လေးပင်မြို့နယ် ထော်နွတ်ကျေးရွာအနီး ရန်ကုန်-မန္တလေးလမ်း မိုင်တိုင်(၁၀၄/၇)နှင့် (၁၀၅/၀)အကြားတွင် မန္တလေးမှ ရန်ကုန်သို့ ညောင်လေးပင်မြို့နယ် ရေခဲစုကျေးရွာနေ ဝေထက်စီ မောင်းနှင်လာသည့်ဆိုင်ကယ်သည် ရှေ့ယာဉ်အား ကျော်တက်စဉ် မျက်နှာချင်းဆိုင်မှ ထွန်းဆောင်းမောင်းနှင်လာသောယာဉ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိရာ ဝေထက်စီမှာ အခင်းဖြစ်နေရာ၌ပင် သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ညောင်ဦးမြို့နယ်၌ ပုံးသီးဟောင်းတစ်လုံး တွေ့ရှိ

**ညောင်ဦး ဇန်နဝါရီ ၁၀**
ညောင်ဦးမြို့နယ် မြင်းကပါကွက်သစ်ရပ်နေ ဦးဝင်းချို ဝါးကပ်လုပ်ငန်းလုပ်ကိုင်သူသည် အိမ်ဝိုင်းအတွင်း အိမ်ဆောက်ရန် ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်ခန့်က မြေကျင်းတူးစဉ် အနက်တစ်ပေခန့်၌ အရှည် ၁၅ လက်မ၊ လုံးပတ် ၁၀ လက်မရှိ ၈၁ မမ စိန်ပြောင်းအမျိုးအစား(ဒလက်ပါ) ပုံးသီးဟောင်းတစ်လုံးအား တွေ့ရှိသဖြင့် သက်ဆိုင်ရာသို့ သတင်းပေးပို့ရာ နယ်မြေခံတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး နယ်မြေခံတပ်ဖွဲ့က သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ပုသိမ်ကြီးမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၀ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၀**
မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၉ ရက် နံနက် ၅ နာရီခွဲခန့်က ပုသိမ်ကြီးမြို့နယ် (၁၆)မိုင်ကျောက်ချောပူးပေါင်းစစ်ဆေးရေးစခန်း၌ ယာဉ်များအား စစ်ဆေးမှုများ ဆောင်ရွက်စဉ် မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ခရီးသည်တင်မှန်လုံယာဉ်ပေါ်၌ လိုက်ပါလာသည့် ကွတ်ခိုင်မြို့နယ် ဖောင်းဆိုင်ကျေးရွာနေ ဂမ်အောင်နှင့် တင်ထူးမောင်တို့ နှစ်ဦးသယ်ဆောင်လာသည့် ဆောင်းဘောက်နှင့် ကီးဘုတ်အတွင်းမှ စိတ်ကြွဆေးပြား ၈၀၀၀၀ အား ဖမ်းဆီးရမိခဲ့သဖြင့် အုန်းချောနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဝိုင်းမော်မြို့နယ်၌ ဘိန်းဖြူမှုန့် ၃ ဒသမ ၄၆၅ ကီလိုဂရမ် သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၀**
ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သတင်းအရ ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဝိုင်းမော်မြို့နယ် မဒိန်းကျေးရွာအနီး မဒိန်းကျေးရွာနှင့် လဘန်ကျေးရွာသွားတောလမ်း၌ ဝိုင်းမော်မြို့နယ် ဝူယန်ကျေးရွာနေသူ ဟွမ်ထန်ကျိနှင့် ရှဲအိမ်ကျွမ်တို့ နှစ်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရာ ဆပ်ပြာခွက် ၁၁ ခွက်ဖြင့် ထည့်ထားသည့် ဘိန်းဖြူမှုန့် သုည ဒသမ ၁၂၁ ကီလိုဂရမ်အား တွေ့ရှိသဖြင့် စစ်ဆေးရာ ဝူယန်ကျေးရွာရှိ ၎င်းတို့နေအိမ်တွင် မူးယစ်ဆေးဝါးများ ကျန်ရှိနေသေးကြောင်း သိရှိရ၍ သွားရောက်ရှာဖွေခဲ့ရာ ဆပ်ပြာခွက် ၁၀၄ ခွက်ဖြင့် ထည့်ထားသည့် ဘိန်းဖြူမှုန့် ၃ ဒသမ ၃၄၄ ကီလိုဂရမ်တို့အား ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ဝိုင်းမော်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၀**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၈၉၆ သန်း) သိမ်းဆည်းရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် Nissan AD Van ယာဉ်တစ်စီး၊ Landcruiser Prado ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေ ၁ ဒသမ ၁၆၃၈ တန်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၅ သန်း)အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အမြန်လမ်းတွင် ယာဉ်မတော်တဆမှုများဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၁၀**
ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင် (၁၄၈/၇)အနီးတွင် ယနေ့နံနက် ၂ နာရီက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဇီးပင်သာအမြန်လမ်းမ ရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမ မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ခင်မောင်ဇော် မောင်းနှင်လာသော ခရီးသည်တင်ယာဉ်သည် လမ်းယာဘက်ဘေးရှိ ခြံစည်းရိုးအား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့ရာ လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ထို့အတူ ဇန်နဝါရီ ၉ ရက် ညပိုင်းက ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်(၁၁၃/၅)အနီးတွင် ကျော်ကျော် မောင်းနှင်လာသော ဆိုင်ကယ်သည် မြင့်သန်းထွန်း မောင်းနှင်လာသော ယာဉ်ဖြင့် တိုက်မိခဲ့ရာ ကျော်ကျော်တွင် ဒဏ်ရာများရရှိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကျော်ကျော်နှင့် ခင်မောင်ဇော်တို့အား သက်ဆိုင်ရာအမြန်လမ်းရဲတပ်ဖွဲ့က အရေးယူထားကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**



# ရှေးဟောင်းမြန်မာမှုပြခန်းကို ပြည်ထောင်စုနေ့အမီ ဖွင့်လှစ်နိုင်ရန်စီစဉ်

**မုံရွာ ဇန်နဝါရီ ၁၀**

ရှေးဟောင်းပစ္စည်းများကို ကျောင်းသား ကျောင်းသူများနှင့် သမိုင်းစိတ်ဝင်စားသူများ လေ့လာနိုင်ရန် ပြခန်းကိုလာမည့် ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့အမီ ဖွင့်လှစ်ပြသနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း မုံရွာတက္ကသိုလ်သမိုင်းဌာန ပါမောက္ခဌာနမှူး ဒေါက်တာကျော်ဆွေထံမှ သိရသည်။

"ပြခန်းဖွင့်ရင် အခန်း သုံးခန်းခွဲပြမှာပါ။ ပထမတစ်ခန်းက မြန်မာမှုပြခန်းမှာ ကုန်းဘောင်ခေတ်၊ အမရပူရခေတ်နဲ့ ဒီနေ့ခေတ် စာတိုက်သေတ္တာ ဆင်းတုတော်ဘုရားကျောင်းဆောင် ကမ္ဗဝါ ထည့်တဲ့သေတ္တာတွေ ပန်းချီတွေစသဖြင့် ၆၄ မျိုးရှိပါတယ်။ ဒုတိယပြခန်းဖြစ်တဲ့ ပေပုရပိုက်ပြခန်းမှာ ကုန်းဘောင်ခေတ်နဲ့ ကိုလိုနီခေတ်က ပေစာထုပ်နဲ့ ပုရပိုက်ထုပ်ပေါင်း ၈၀၀ ကျော် ပြသထားမှာဖြစ်ပါတယ်။ တတိယပြခန်းဖြစ်တဲ့ ကျောက်စာပြခန်းမှာ ကုန်းဘောင်ခေတ်ကျောက်စာပုံစံတူတွေကို ကူးယူဖော်ပြထားပါတယ်။ တက္ကသိုလ်စာကြည့်တိုက်အပေါ်ထပ်မှာ စာဖတ်ခန်းကိုထားပြီး အောက်ထပ်မှာ ပြတိုက်ကိုထားဖို့ စီစဉ်နေပါတယ်" ဟု ဒေါက်တာကျော်ဆွေက ပြောသည်။

"အဆင့်မြင့်ပညာကို သင်ကြားပို့ချနေတဲ့ တက္ကသိုလ်၊ ကောလိပ်တွေမှာ မြန်မာမှုပြတိုက်တွေဖွင့်ဖို့ လိုအပ်တယ်။ မြန်မာမှုပြတိုက်ဖွင့်နိုင်မယ်ဆိုရင် ကျောင်းသား ကျောင်းသူတွေ ပညာဗဟုသုတတိုးလာမယ်။ ရှေးဟောင်းမြန်မာမှုပစ္စည်းတွေ တွေ့မြင်သူတိုင်း တို့လူမျိုးတွေမှာ ဒီလိုအတတ်ပညာတွေရှိခဲ့ပါလားဆိုတဲ့ အမျိုးသားစိတ်ဓာတ် ရှင်သန်နိုးကြားလာမယ်။ တိမ်မြုပ်ပျောက်ကွယ်တော့မယ့် ရှေးဟောင်းပစ္စည်းတွေကို ထိန်းသိမ်းစောင့်ရှောက်နိုင်မယ်။ သမိုင်းအတွက် အသိသစ်၊ အမြင်သစ်တွေ ရနိုင်မယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး" ဟု စာရေးဆရာ သမိုင်းဆရာဦးဝင်းမောင်(ဝင်းမောင်-သမိုင်း)က ပြောသည်။

ရှေးဟောင်းမြန်မာစာဌာနအဆောက်အအုံတွင် နှစ် ၂၀ ကျော်ထားရှိသော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ရှေးဟောင်းပစ္စည်းများကို မုံရွာတက္ကသိုလ်စာကြည့်တိုက် အောက်ထပ်သို့ ဒီဇင်ဘာနောက်ဆုံးပတ်က စတင်၍ပြောင်းရွှေ့ထားခြင်းဖြစ်သည်။

သမိုင်းဝင်ရှေးဟောင်းပစ္စည်းများကို မြန်မာမှုပြခန်း၊ ပေပုရပိုက်ပြခန်းနှင့် ကျောက်စာပြခန်းများအဖြစ်ခွဲ၍ပြသရန် မြန်မာစာဌာန၊ သမိုင်းဌာနနှင့် အရှေ့တိုင်းပညာဌာနတို့က တာဝန်ယူဖော်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

# မကွေးမြို့နယ်ရှိ တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ပေးအပ်

**မကွေး ဇန်နဝါရီ ၁၀**

မကွေးမြို့နယ်အတွင်းရှိ ကျေးရွာ ၂၉ အုပ်စု ကွင်းပေါင်း ၉၀၊ ဦးပိုင်ပေါင်း ၂၉၂၊ တောင်သူပေါင်း ၂၅၉ ဦးအတွက် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) လက်မှတ်များ ပေးအပ်ပွဲကို ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီက မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးဝင်းမော်ဌေး၊ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ခြင်းဖြစ်ကာ သက်ဆိုင်ရာကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များက လက်ခံရယူခဲ့သည်။

မကွေးမြို့နယ်၌ လယ်၊ ယာ၊ ဥယျာဉ်၊ ကိုင်းကျွန်း မြေ ၂၀၁၈၇၉ ဧကရှိပြီး စိုက်ပျိုးမြေ ၁၉၇၃၂၇ ဧက အား ပုံစံ(၇) လက်မှတ်များထုတ်ပေးထားပြီးဖြစ်ကာ ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၇၅ ရာခိုင်နှုန်း ထုတ်ပေးပြီးဖြစ်ကြောင်း မြေအသုံးချမှု စာရင်းဇယားများအရ သိရသည်။ **ဇေယျာတု(မကွေး)**



# လှိုင်ကော်မြို့၌ (၆၇) နှစ်မြောက် ကယားပြည်နယ်နေ့ ပွဲတော်နှင့် ပြခန်းများဖွင့်ပွဲကျင်းပ



**လှိုင်ကော် ဇန်နဝါရီ ၁၀**

(၆၇) နှစ်မြောက် ကယားပြည်နယ်နေ့ ပွဲတော်မုခ်ဦးဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက် ၈ နာရီက လှိုင်ကော်မြို့ စာတိုက်အဝိုင်းအနီး၌ ကျင်းပသည်။

(၆၇) နှစ်မြောက် ကယားပြည်နယ်နေ့ ပွဲတော်မုခ်ဦးအား ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်လင်းမောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ခင်စည်သူ၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်မည့် (၆၇) နှစ်မြောက် ကယားပြည်နယ်နေ့ပွဲတော်ကို ဇန်နဝါရီ ၁၀ ရက်နေ့မှ ၁၉ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ပွဲတော်ကာလအတွင်း ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင်မှ ကုန်စည်ပြပွဲများ၊ တိုင်းရင်းသားရိုးရာ အကပြိုင်ပွဲများ၊ ကန္ဒရဝတီအလှမယ်ပြိုင်ပွဲ၊ အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ တေးဂီတဖျော်ဖြေပွဲများ၊ Iron Cross တေးဂီတအဖွဲ့တို့နှင့်အတူ နိုင်ငံကျော်တေးသံရှင်များ၏ တေးဂီတဖျော်ဖြေပွဲများ၊ အငြိမ့်ဇာတ်သဘင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ **ထွန်းလေး**



# မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုတစ်လနှစ်ဦး ခွဲစိတ်ကုသပေး

**မန္တလေး ဇန်နဝါရီ ၁၀**

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး ဆီးနှင့် ကျောက်ကပ်ခွဲစိတ်ကုဌာန၊ မေ့ဆေးပညာဌာန၊ ရောဂါဗေဒဌာန၊ နှလုံးသွေးကြောခွဲစိတ်ကုပညာဌာနတို့မှ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာဝန်ကြီးများ ပူးပေါင်း၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၈ ရက်နှင့် ၉ ရက်တို့က ကျောက်ကပ်ဝေဒနာရှင် နှစ်ဦးကို အောင်မြင်စွာ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။

၆၀ ဦးမြောက် ကျောက်ကပ် အစားထိုးလဲလှယ်ကုသမှုတွင် ကျောက်ကပ်ပျက်စီး၍ ဆေးကုသမှုခံယူသူ အသက် ၄၅ နှစ်အရွယ် အမျိုးသားအား အစ်မဖြစ်သူ (အလှူရှင်) ၏ ကျောက်ကပ်နှင့် အစားထိုးလဲလှယ်ကုသပေးခဲ့သည်။

၆၁ ဦးမြောက် ကျောက်ကပ်အစားထိုးလဲလှယ်ကုသမှုတွင် ကျောက်ကပ်ပျက်စီး၍ ဆေးကုသမှုခံယူနေသူ အသက် ၂၉ နှစ်အရွယ် လူငယ်ကို ညီဝမ်းကွဲ (အလှူရှင်)၏ ကျောက်ကပ်ဖြင့် အောင်မြင်စွာ အစားထိုးခွဲစိတ်ကုသပေးနိုင်ခဲ့သည်။ ခွဲစိတ်ကုသမှု တစ်နာရီခွဲဝန်းကျင်ဖြင့် ပြည်တွင်းတွင် စရိတ်သက်သာ အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။



ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများတွင် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာတင်တင်မိုးက အနီးကပ်ကြီးကြပ်၍ ဆီးနှင့် ကျောက်ကပ်ခွဲစိတ်ကုဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာမင်းသူ၊ ပါမောက္ခဒေါက်တာတင်မောင်လင်း၊ ပါမောက္ခဒေါက်တာထားကြည်ဆွေ၊ ဆီးနှင့် ကျောက်ကပ်အထူးကုဆရာဝန်ကြီး ဒေါက်တာကျော်ဆန်းလင်း၊ နှလုံးနှင့် သွေးကြောခွဲစိတ်ကုပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာခင်မောင်ထွေးတို့က ခွဲစိတ်ကုသပေးပြီး ပါမောက္ခ ဒေါက်တာယဉ်စန္ဒာသိန်းနှင့် ပါမောက္ခ ဒေါက်တာမိမိသော်တို့က ကူညီပံ့ပိုးပေးသည်။

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးအနေဖြင့် ကျောက်ကပ်ဝေဒနာရှင်များအား တစ်လလျှင် နှစ်ဦးနှုန်း စရိတ်သက်သာအောင်မြင်စွာ ပြည်တွင်းတွင် နိုင်ငံတကာအဆင့်မီ ခွဲစိတ်ကုသပေးနေကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**



သထုံမြို့နယ်အတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းလျော့ချရေးနှင့်စည်းကမ်းပျက်ယာဉ်များအား လင်းယုန်စီမံချက်ဖြင့် စုပေါင်းအကောင်အထည်ဖော်ကြမည့် ဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးအောင်က ဇန်နဝါရီ ၁၀ ရက်တွင် သထုံမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ချပြရှင်းလင်းစဉ်။

**လှိုင်ထွန်းအောင်(သထုံ)**



# လယ်ယာကဏ္ဍ ဧက ၁၀၀၀ အကျိုးတူ ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ဒွန်းတဘက်ကျေးရွာအုပ်စု တောင်သူများနှင့် မျိုးမြတ်သူကုမ္ပဏီတို့က လယ်ယာကဏ္ဍ ဧက ၁၀၀၀ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းကို မြဂိုးစုကျေးရွာ၌ ယမန်နေ့က ကျင်းပခဲ့သည်။

အခမ်းအနားတွင် နွေစပါး စတင်စိုက်ပျိုးခြင်း အထိမ်းအမှတ်အဖြစ် တောင်သူ ဦးမြင့်ဆွေ၏ လယ်မြေတွင် ကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးကြပြီး ကုမ္ပဏီမှ တင်သွင်းရောင်းချသော ရိတ်သိမ်းခြွေလှေ့စက်လေးစီးနှင့် ဓာတ်မြေဩဇာများကို အကျိုးတူလယ်ယာအစုအဖွဲ့ ခေါင်းဆောင်များသို့ တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်သည်။ အခမ်းအနားသို့ မော်လမြိုင်ကျွန်းမြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးပညာရှင်များနှင့် ဒေသခံတောင်သူ ၂၀၀ ကျော်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကြေးမုံ**



*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်နှင့် ဥပဒေ

မောင်စာဂ

လွတ်လပ်သောအချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုတွင် နိုင်ငံတော်အလံ၊ နိုင်ငံတော်သီချင်း၊ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဟူသည် ရှိကြရသည်။ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာ၊ ယဉ်ကျေးမှုတို့ကိုအခြေခံ၍ ဆီလျော်သလို သတ်မှတ်ပြဋ္ဌာန်းပေးကြသည်။ နိုင်ငံတော် အလံ၊ နိုင်ငံတော်သီချင်း၊ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်တို့သည် ယင်းနိုင်ငံနှင့် ယင်းနိုင်ငံ၏ ပြည်သူ ပြည်သားအားလုံးကို ကိုယ်စားပြုသည်။ ယင်းနိုင်ငံနှင့် ပြည်သူပြည်သားအားလုံး၏ အထွတ်အထိပ်လည်းဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင်လည်း မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာ၊ ယဉ်ကျေးမှုတို့ကိုအခြေခံကာ နိုင်ငံတော်အလံ၊ နိုင်ငံတော်သီချင်း၊ နိုင်ငံတော်အထိမ်းအမှတ် တံဆိပ်တို့ကို သတ်မှတ်ပြဋ္ဌာန်းထားသည်။ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်း၍ ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ပေးထားသည်။ နိုင်ငံတော်၏ အထွတ်အထိပ်ဖြစ်သော နိုင်ငံတော်အလံ၊ နိုင်ငံတော်သီချင်းနှင့် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်တို့နှင့် စပ်လျဉ်း၍ ဥပဒေက မည်သို့ပြဋ္ဌာန်းထားသနည်း၊ မည်သို့ ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ပေးထားသနည်း၊ ပြည်သူတွေ သိရှိထားဖို့လိုအပ်သည်။ သို့ပါ၍ နိုင်ငံတော်သီချင်းနှင့်ဥပဒေ၊ နိုင်ငံတော်အလံနှင့် ဥပဒေတို့ကို ရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။ ယခုတစ်ဖန် နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်နှင့်ဥပဒေကို မျှဝေပါရစေ။

## ပါလီမန်ခေတ်နိုင်ငံတော်တံဆိပ်

လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ တိုင်းပြုပြုလွှတ်တော် ဒုတိယညီလာခံကို ဇူလိုင်လ ၂၉ ရက်နေ့တွင် ကျင်းပခဲ့ပြီး ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်အလံ၊ သီချင်းနှင့် တံဆိပ်ကော်မတီက အလံနှင့် တံဆိပ်ဆိုင်ရာ ကြားဖြတ်အစီရင်ခံစာကိုတင်ပြ၍ ထိုနေ့၌ပင် နိုင်ငံတော်အလံနှင့် တံဆိပ်ကို စဉ်းစားဆွေးနွေး အတည်ပြုခဲ့ကြသည်။

၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် တိုင်းပြည်ပြုလွှတ်တော်က ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အတည်ပြု ပြဋ္ဌာန်းခဲ့သည်။ ယင်းအခြေခံဥပဒေနှင့်အညီ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော နိုင်ငံတော်အဖြစ် ကမ္ဘာ့မိသားစုနိုင်ငံများအလယ် တင့်တယ်စွာပေါ်ထွန်းလာခဲ့သည်။ နိုင်ငံတော်တံဆိပ်သည်လည်း မြန်မာနိုင်ငံ၏ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးတို့နှင့်အတူ ပေါက်ဖွားလာခဲ့သည်။

ဒေါက်တာမောင်မောင်ပြုစုသည့် ဒို့ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံစာအုပ်၊ စာမျက်နှာ ၁၄၉ တွင် နိုင်ငံတော်တံဆိပ်ပုံနှင့်တကွ အောက်ပါအတိုင်း ဖော်ပြထားသည် -

အလယ်တွင် မြန်မာပြည်၏ မြေပုံပါရှိ၍ နံဘေးနှစ်ဖက်နှင့် အထက်တို့တွင် ကနုတ်တန်ဆာတို့နှင့် ခြယ်လှယ်ထားသော ကေသရာဇာခြင်္သေ့သုံးစီး စောင့်ရှောက်ထားဟန် ပုံသဏ္ဌာန်ဖြစ်၏။ ခြင်္သေ့သည် ရှေ့မြန်မာပညာရှိတို့၏ သဘောအယူအဆတွင် ရဲရင့်၏။ လုံ့လဝီရိယရှိ၍ ဘေးအန္တရာယ်ကြီးငယ်မဟူ တူညီသောအားထုတ်မှုဖြင့် ရင်ဆိုင်နှိမ်နင်း၏။ ညစ်ကြေးကင်းစင် သန့်ရှင်းဖြူစင်သော သဘောလည်းရှိ၏။ ထိုအရည်အချင်းတို့ကို မြန်မာတို့က အတုယူကြမည့် အထိမ်းအမှတ်ကို တံဆိပ်တော်၌ပြ၏။

ခြင်္သေ့သုံးစီးရံထားခြင်းမှာ ပြည်ထောင်စုမြန်မာနိုင်ငံကို ကာကွယ်စောင့်ရှောက်ထားသော သဘောဖြစ်ပေသည်။ သုံးစီးအရေအတွက်ထားရှိခြင်းမှာ လောကီယတြာ ဗေဒင်ကျွမ်းကျင်ကြကုန်သော ရဟန်း၊ ပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့က တြင်းကြေသည်ဟု ယူဆကြပေသည်။ ခြင်္သေ့နှင့် မြန်မာနိုင်ငံသည် စိန်ပန်းဓာတ်ရ၍ မိတ်ဖက်ဖြစ်သည်ဟူ၍လည်း ယူဆကြသည်။ ခြင်္သေ့တွင် ကနုတ်တန်ဆာတို့ကိုပါ ထည့်သွင်းခြယ်လှယ်ထားခြင်းသည် ရှေ့အစဉ်အလာ မြန်မာ့ယဉ်ကျေးမှုတစ်ရပ်ကို အရေးတယူ အလေးမူခြင်းသဘောပင်တည်း။

## တော်လှန်ရေးကောင်စီခေတ် နိုင်ငံတော်တံဆိပ်

တော်လှန်ရေးကောင်စီသည် နိုင်ငံတော်၏အာဏာအရပ်ရပ်ကို ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့မှ စတင်၍ တာဝန်ယူဆောင်ရွက်ခဲ့သည်။ တော်လှန်ရေးကောင်စီသည် ပါလီမန်ခေတ်က အသုံးပြုခဲ့သော နိုင်ငံတော်တံဆိပ်ကိုပင် ဆက်လက်ကျင့်သုံးခဲ့သည်။

## မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ပုဒ်မ ၁၉၁ တွင် နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်ပုံကို ဖော်ပြ၍ပြဋ္ဌာန်းထားသည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသော ပြည်သူ့လွှတ်တော်သည် နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်ဥပဒေ ( ပြည်သူ့လွှတ်တော်ဥပဒေအမှတ်-၂ ) ကို ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေပြဋ္ဌာန်းပြီးသည်နှင့် ပါလီမန်ခေတ်က နိုင်ငံတော်တံဆိပ်ကို အသုံးပြုခြင်း မရှိတော့ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသည့် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကို ပြောင်းလဲအသုံးပြုခဲ့သည်။ နိုင်ငံတော်တံဆိပ်အစား နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဟူ၍ ပြောင်းလဲသုံးစွဲခဲ့သည်။

၁၉၇၄ ခုနှစ် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် ဥပဒေပုဒ်မ ၃ တွင် နိုင်ငံတော်အထိမ်းအမှတ် တံဆိပ်နှင့် စပ်လျဉ်း၍ နိုင်ငံတော်ကောင်စီ၏ ခွင့်ပြုချက်မရဘဲ အသုံးမပြုရန်၊ အထိမ်းအမှတ်တံဆိပ်ကို ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်းမပြုရန်၊ အတုအပပြုလုပ်၍ ကိုယ်ကျိုးအတွက်အသုံးမပြုရန်၊ ကြော်ငြာရန်ဖြစ်စေ၊ ကုန်ပစ္စည်းတံဆိပ်အမှတ်အသားပြုလုပ်ရန်ဖြစ်စေ အသုံးမပြုရန် တားမြစ်ထားသည်။

နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဆိုင်ရာ နည်းဥပဒေများ (၁၉၇၄ ခုနှစ် ပြည်သူ့လွှတ်တော် နည်းဥပဒေများ အမှတ်-၂ ) ၏ နည်းဥပဒေ ၅ တွင် နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်နှင့်စပ်လျဉ်း၍ အလှအပအဖြစ် တန်ဆာဆင်ခြင်းမပြုလုပ်ရန်၊ ဝတ်စားဆင်ယင်ရာတွင် အသုံးမပြုရန်၊ မည်သည့်အခါမျှ စွန့်ပစ်ခြင်းမပြုရန်၊ မလေးမစားပြုခြင်းနှင့် ကိုယ်အမူအရာ၊ နှုတ်အမူအရာဖြင့် မထီမဲ့မြင်ပြုခြင်း မပြုလုပ်ရန် တားမြစ်ထားသည်။

မည်သူမဆို အထက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ပါက ခြောက်လထက်မများသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ အပြစ်ပေးခြင်းခံရမည်။

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့နှင့် နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ်ကာလ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို တာဝန်ယူ ဆောင်ရွက်ခဲ့သည်။ ၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့နောက်ပိုင်းတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်လက်တာဝန်ယူ၍ အုပ်ချုပ်ခဲ့သည်။ ယင်းကာလများတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က အသုံးပြုခဲ့သော နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကိုပင် ဆက်လက်အသုံးပြုခဲ့သည်။

## ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၉-၅-၂၀၀၈ ရက်နေ့တွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဖြင့် အတည်ပြု ပြဋ္ဌာန်းခဲ့သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၈၊ ပုဒ်မခွဲ (က) တွင် နိုင်ငံတော်အထိမ်း အမှတ်တံဆိပ် ပုံသဏ္ဌာန်ကို ဖော်ပြပြီး ပုဒ်မခွဲ (ခ) တွင် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်နှင့် စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းရမည်ဟူ၍ ဖော်ပြထားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် ဥပဒေနှင့် နည်းဥပဒေများကို ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ ယင်းနေ့ရက်မှ စတင်၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၈ (က) တွင် ဖော်ပြထားသည့် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကို အသုံးပြုလာခဲ့သည်။ ၂၀၁၀ ပြည့်နှစ် နိုင်ငံတော်အထိမ်းအမှတ် တံဆိပ်ဥပဒေ ပုဒ်မ ၃ တွင် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ပါ အမှတ်အသားများနှင့် စပ်လျဉ်း၍ ဤသို့ ဖော်ပြထားသည်-

(က) တံဆိပ်၏အလယ်တွင် နိုင်ငံတော်မြေပုံပါရှိသည်။ အရွက် ၁၄ ရွက်စီပါဝင်သော သပြေခက်များသည် မြေပုံ၏တစ်ဖက်တစ်ချက်စီတွင် ပါရှိသည်။

(ခ) သပြေခက်များ၏ တစ်ဖက်တစ်ချက်တွင် အနုပညာမြောက် မြန်မာခြင်္သေ့တစ်စီးစီရှိသည်။ လက်ဝဲဘက်မှခြင်္သေ့ သည် လက်ဝဲဘက်သို့လည်းကောင်း၊လက်ယာဘက်မှ ခြင်္သေ့သည် လက်ယာဘက်သို့လည်းကောင်း မျက်နှာမူလျက်ရှိသည်။

(ဂ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟူသော စာတန်းကို နိုင်ငံတော်အထိမ်းအမှတ် တံဆိပ်အောက်ခြေ ဖဲပြားပေါ်တွင် ဖော်ပြထားသည်။ ပြည်ထောင်စုဟူသောစာတန်းကို လက်ဝဲဘက်ရှိ ခြင်္သေ့အောက်တွင်လည်းကောင်း၊ သမ္မတဟူသောစာတန်းကို ပြည်ထောင်စုသမ္မမြန်မာနိုင်ငံတော်မြေပုံအောက်ရှိ အလယ်ဗဟိုတွင်လည်းကောင်း၊ မြန်မာနိုင်ငံတော်ဟူသော စာတန်းကို လက်ယာဘက်ရှိ ခြင်္သေ့အောက်တွင်လည်းကောင်း ထားရှိသည်။

(ဃ) နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်၏ ထိပ်တွင် ကြယ်လက် ငါးခုရှိသော ကြယ်တစ်လုံးသည် အထက်သို့ မတ်မတ်ညွှန်းလျက်ရှိသည်။

(င) ကြယ်၏ တစ်ဖက်တစ်ချက်တွင် မြန်မာပန်းပုံသဏ္ဌာန် ပန်းခက်ပြားများရှိသည်။

နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေပုဒ်မ ၆ တွင် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကို ပြည်ထောင်စုအစိုးရ၏ခွင့်ပြုချက်မရဘဲ အသုံးပြုခြင်း၊ အတုပြုလုပ်၍ ကိုယ်ကျိုးအတွက်အသုံးပြုခြင်း၊ ကြော်ငြာရန် ဖြစ်စေ၊ ကုန်ပစ္စည်းအမှတ်တံဆိပ် အမှတ်အသားပြုလုပ်ရန်ဖြစ်စေ အသုံးပြုခြင်းစသည်တို့ မပြုလုပ်ရန် တားမြစ်ထားသည်။ ဖောက်ဖျက်ကျူးလွန်သူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

## အသုံးပြုခြင်းဆိုင်ရာသတ်မှတ်ချက်များ

နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကို နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံတော်သမ္မတ စီးနင်းလိုက်ပါလာသော ယာဉ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အဆောက်အအုံများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၏ ရုံးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အဆောက်အအုံများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းရုံးများ၊ နေပြည်တော်ကောင်စီရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံးများတွင် တပ်ဆင်အသုံးပြုနိုင်သည်။

ဝန်ကြီးဌာနအသီးသီးနှင့် ယင်းလက်အောက်ရှိ ဝန်ထမ်းအဆင့်ဆင့်နှင့် တရားရုံးအဆင့်ဆင့်တွင်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က နိုင်ငံတော် အထိမ်းအမှတ်တံဆိပ် တပ်ဆင်ရန်ခွင့်ပြုထားသော ဌာနအဖွဲ့အစည်း၏ ရုံးများတွင်လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သံရုံးများ၊ အမြဲတမ်း ကိုယ်စားလှယ်ရုံးများနှင့် အဆင့်ဆင့်သော ကောင်စစ်ဝန်ရုံးများတွင်လည်းကောင်း တပ်ဆင်အသုံးပြုနိုင်သည်။

နိုင်ငံတော် ဧည့်ခံပွဲအခမ်းအနားများနှင့် နိုင်ငံတော်ကို ကိုယ်စားပြုသောပုဂ္ဂိုလ်ကပြုလုပ်သည့် အခမ်းအနားများ၌ အသုံးပြုသော အသုံးအဆောင်ပစ္စည်းများတွင်လည်းကောင်း၊

စာမျက်နှာ ၁၈ သို့

## နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်များ



၁၉၄၇ မှ ၁၉၇၄



၁၉၇၄ မှ ၂၀၁၀



၂၀၁၀ မှ ယနေ့အထိ

# Mister အောင်မြတ်မင်းနှင့် Angel King & Queen Myanmar 2018 Winner များအား စာနယ်ဇင်းမိတ်ဆက်



**ရန်ကုန် ဇန်နဝါရီ ၁၀**
ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် Little & Teen Glam International 2019 ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် Mister အောင်မြတ်မင်းနှင့် Angel King & Queen Myanmar 2018 Winner များအား စာနယ်ဇင်းမိတ်ဆက်ပွဲကို ဇန်နဝါရီ ၉ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ မြို့တော်ခန်းမအနီးရှိ City Star ဟိုတယ်၌ ကျင်းပခဲ့သည်။

"အခုလက်ရှိ သွားရောက်ယှဉ်ပြိုင်မယ့် အောင်မြတ်မင်းကတော့ ပြိုင်ပွဲဝင်တွေထဲမှာ အသက်အငယ်ဆုံး Winner ဖြစ်တဲ့အတွက် သူနဲ့အသင့်တော်ဆုံး Little & Teen Glam International 2019 ပြိုင်ပွဲကို စေလွှတ်ယှဉ်ပြိုင်စေခြင်း ဖြစ်ပါတယ်။ ဒီပွဲရဲ့ အဓိကရည်ရွယ်ချက်ကတော့ လူငယ်တွေအတွက်ပါ။ လူငယ်တွေကို လမ်းမှားမရောက်စေချင်ဘူး။ လမ်းကြောင်းမှန်ပေါ်ကို တင်ပေးနိုင်ဖို့ ကြိုးစားတာပါ။ လူငယ်တွေကို သူတို့ရဲ့ အရည်အချင်းတွေ၊ သူတို့ပြသခဲ့တဲ့ စွမ်းဆောင်ရည်တွေပေါ် မူတည်ပြီးတော့ ဆုတွေပေးခဲ့ပါတယ်" ဟု Angel TKKK Group မှ ဒုတိယဥက္ကဋ္ဌ ကိုအေးမင်းထွန်းက ပြောသည်။

Angel King & Queen Myanmar 2018 ပြိုင်ပွဲကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် Angel TKKK Organization က ကြီးမှူးကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် Mister & Miss နှင့် အိမ်ထောင်ရှင် Miss ရွေးချယ်ပွဲ သုံးခုကို တစ်ပြိုင်နက် ကျင်းပပေးခဲ့သည်။

အဆိုပါပြိုင်ပွဲမှ ဆုရရှိသည့် Mister & Miss များထဲမှ Winner Mister အောင်မြတ်မင်းကို ရွေးချယ်ပြီး မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ပထမဆုံးအကြိမ် ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်ယှဉ်ပြိုင်စေခြင်းဖြစ်သည်။

"အိမ်ထောင်ရှင်တွေအတွက်ကတော့ သက်တမ်းအလိုက် ပြိုင်ပွဲကျင်းပပေးခဲ့ပါတယ်။ ၂၅ နှစ်ကနေ ၃၅ နှစ်ကို တစ်ဆု၊ ၃၅ နှစ်ကနေ ၄၅ နှစ်ကို တစ်ဆု၊ ၄၅ နှစ်ကနေ ၅၅ နှစ်ကို တစ်ဆုဆိုပြီး ဆုတွေပေးခဲ့ပါတယ်။ Mister ထဲက လေးယောက်၊ Miss ထဲက လေးယောက် ရွေးချယ်ခဲ့တယ်။ အဲဒီထဲကမှ အောင်မြတ်မင်းက Winner လည်း ဖြစ်တယ်။ အသက်ကလည်း ၁၉ နှစ်ဖြစ်တယ်။ ကျန်တဲ့သူတွေက အသက်အရ ၁၉ နှစ် ကျော်လွန်နေတဲ့အတွက် သူ့ကို ဦးစားပေး ရွေးချယ်ခဲ့တာပါ။ ပထမဆုံး လွှတ်တဲ့ပွဲပါ။ ဇန်နဝါရီလ ၂၀ ရက်မှာ ဖိလစ်ပိုင်နိုင်ငံမှာ ကျင်းပမှာပါ။ သူ့အတွက် ပြင်ဆင်ချိန်က နည်းနေပေမယ့် ကျွန်တော်တို့ အကောင်းဆုံး ပံ့ပိုးပေးထားပါတယ်" ဟု ကိုအေးမင်းထွန်းက ပြောသည်။ **အေးမင်းသူ**

# ဆွာချောင်းကမ်းပြို ကမ်းစားမှုများကို ရေနည်းချိန်ဆောင်ရွက်နိုင်ပါက ရေတိုက်စားမှုမှသက်သာနိုင်



**ရေတာရှည် ဇန်နဝါရီ ၁၀**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း အနောက်သစ်တောကြိုးဝိုင်းဒေသများမှ အရှေ့သို့စီးဆင်းသော ဆွာချောင်းသည် ယခင်နှစ် မိုးရာသီကာလ ရေစီးကြောင်းများပြောင်းလဲမှုကြောင့် ကမ်းပြိုကမ်းစားမှုများဖြစ်ပေါ်လျက်ရှိရာ ချောင်းတစ်လျှောက်ရှိ တောင်သူများစိုက်ပျိုးထားသော သီးခင်းနှံခင်းများ ပျက်စီးဆုံးရှုံးရသည့်အပြင် ကျေးရွာအချို့၌ ရေတိုက်စားမှုခံစားနေကြရကြောင်း သိရသည်။

ယင်းအပြင် ဆွာချောင်းဖြတ် ရထားလမ်းတံတားအထက်ပိုင်း တောင်ဘက်ခြမ်း၌ တစ်နှစ်ထက်တစ်နှစ် ရေတိုက်စားမှုကြောင့် ပစောက်ပုံကွေ့ဖြစ်ကာ ယခုအခါတွင် ရေစီးကြောင်းတားဆီးရန်နှင့် ရေကာတန်းများ ဆောင်ရွက်သင့်နေပြီဖြစ်ကြောင်း အဆိုပါတံတားအောက်ဘက်ရှိ တံတားကြီးကျေးရွာဒေသခံ ဦးစိုးမြင့်က ပြောသည်။

"အစ်ကိုတို့ရွာက ချောင်းဘေးဆိုတော့လေ မိုးရာသီဆိုရင် ကမ်းနားကအိမ်တွေအတွက် စိုးရိမ်နေကြရတာ၊ ဖြစ်နိုင်ရင် တံတားအထက်ဘက်ကို ရေကြောင်းဖြောင့်အောင်လုပ်ပေးစေချင်တာပါ။ ဒီရွာအပြင် အောက်ဘက်မှာရှိတဲ့ ရေနီးနဲ့ သရက်တောရွာတွေမှာလည်း ကမ်းတွေပြိုလို့ စိုက်ခင်းတွေလည်းပါကုန်ပြီ။ ချောင်းနားကပ်တဲ့အိမ်တွေတောင် စိတ်မချရတော့ဘူး" ဟု ၎င်းက ဆက်လက်ပြောပြသည်။ **ကိုလွင်(ဆွာ)**

# ပန်းတောင်းမြို့နယ်တွင် နွေစပါးစိုက်လယ်များအား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပေး



**ပန်းတောင်း ဇန်နဝါရီ ၁၀**
ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ရေဝင်ကျေးရွာ တောင်သူ ဦးကျော်လင်းခိုင်၏လယ်မြေတွင် ဇန်နဝါရီ ၈ ရက် နံနက် ၉ နာရီတွင် စိုက်ပျိုးရေးဦးစီးဌာနက ကောက်စိုက်စက်ဖြင့် လက်တွေ့စိုက်ပျိုးပြသပေးခဲ့သည်။

"ကောက်စိုက်စက်နဲ့စိုက်ရတာက ပျိုးပင်အပါအဝင် စက်ခက တစ်ဧကခုနစ်သောင်းပဲကျတာ။ ကိုယ့်ဘာသာစိုက်တာက ထွန်ယက်ခ၊ ပျိုးနုတ်ခ၊ ကောက်စိုက်ခတွေက ဒီနှစ်ဆို တစ်သိန်းကျော်ပြီလေ။ ဒီတော့ အများကြီး သက်သာတယ်" ဟု လယ်ပိုင်ရှင် ဦးကျော်လင်းခိုင်က ပြောပြသည်။ **အောင်မြင့် (ပန်းတောင်း)**

## နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်နှင့်ဥပဒေ စာမျက်နှာ ၁၇ မှ

နိုင်ငံတော်ထုတ် ငွေစက္ကူနှင့် တံဆိပ်ခေါင်းများတွင်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အစည်းများနှင့် ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုထားသော ဌာနအဖွဲ့အစည်းများ၏ ရုံးသုံးစာရွက်စာတမ်းများတွင်လည်းကောင်း ရိုက်နှိပ်အသုံးပြုနိုင်သည်။

နိုင်ငံတော်သမ္မတကခွင့်ပြုထားသော အဖွဲ့အစည်းများနှင့် ကာကွယ်ရေးဝန်ကြီးဌာန၏ ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ၏ ဝန်ထမ်းအဆင့်အတန်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းဝန်ထမ်းများ၏ ဝတ်စားဆင်ယင်မှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံတော်အစည်းအဝေးများနှင့် အခမ်းအနားများတွင်လည်းကောင်း အသုံးပြုနိုင်သည်။

### လေးစားကြရပါမည်

နိုင်ငံတော်အလံ၊ နိုင်ငံတော်သီချင်းနှင့် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် ဤသုံးခုသည် နိုင်ငံတစ်နိုင်ငံ၏ အထွတ်အထိပ်ဖြစ်သည်။ နိုင်ငံတော်နှင့်အစိုးရကို ကိုယ်စားပြုသည်။ နိုင်ငံတော်အလံနှင့် နိုင်ငံတော်သီချင်းကို အမြတ်တနိုးတန်ဖိုးထား လေးစားကြရသကဲ့သို့ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကိုလည်း လေးစားကြရပါမည်။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် တပ်ဆင်ထားရာ အဆောက်အအုံ၊ ရုံးခန်း၊ ခန်းမ စသည့်နေရာများသို့ ဝင်ရောက်ကြတိုင်း နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကို အရိုအသေပေးကာ အလေးပြု၍ ဝင်ကြထွက်ကြရပါမည်။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကို တန်ဖိုးထားလေးစားခြင်းသည် မိမိနိုင်ငံတော်နှင့် ပြည်သူများအပေါ် တန်ဖိုးထားလေးစားရာရောက်ကြောင်း ဆိုလိုက်ပါရစေ။

**နိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့နေပါစေ၊**
**နိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းနေပါစေ၊**
**နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် အစဉ်အမြဲအလေးထားဝင့်ကြွားနေပါစေ။**

## တိုတိုထွာထွာဖတ်စရာ

### ကျောက်ဖြူတွင် သန်ပြားကောင်ရောဂါအကြောင်းအသိပညာပေး

**ကျောက်ဖြူ**
ရခိုင်ပြည်နယ် ကျောက်ဖြူ လူမှုဝန်ထမ်းမှူကြိုကျောင်းအစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၂ နာရီက ရေချိုခရုမှတစ်ဆင့် ကူးစက်တတ်သော သန်ပြားကောင်ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ကျောက်ဖြူခရိုင်ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆေးရုံအုပ် ဒေါက်တာနီနီဝင်းက ရောဂါလက္ခဏာများမှာ အရေပြားယားယံခြင်း၊ အင်ပျဉ်ထခြင်း၊ ကြွက်သားနာကျင်ကိုက်ခဲခြင်း၊ ဖျားနာခြင်း၊ ဗိုက်အောင့်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်း၊ ဆီးတွင်သွေးပါခြင်း၊ ဆီးအိမ်ရောင်ခြင်း၊ သွေးအန်ခြင်းတို့ဖြစ်ပေါ်တတ်ကြောင်း၊ မသန့်ရှင်းသောရေနှင့် ထိတွေ့မှုကိုရှောင်ကြဉ်ကြရန် ဟောပြောခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

### နတ်တလင်းတွင် အခမဲ့ကွင်းဆင်းဆေးကုသပေး

**နတ်တလင်း**
ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် အုပ်ဖိုစုကျေးရွာအုပ်စု ထောက်ကြံ့ကွင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီခွဲတွင် CNG-u45 အဖွဲ့မှ ကျေးလက်ဒေသနေပြည်သူများကို အခမဲ့ ကွင်းဆင်းကုသပေးကြသည်။

အနီးပတ်ဝန်းကျင်ကျေးရွာ ခုနစ်ရွာမှ ဒေသနေပြည်သူများကိုလည်း ကွင်းဆင်းကုသပေးရာ လူနာ ၁၅၀ ကျော် လာရောက်ဆေးကုသမှု ခံယူကြသည်။ **တင်မြင့် (နတ်တလင်း)**

### ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသော သစ်ကိုင်းများရှင်းလင်း

**ကျောက်ပန်းတောင်း**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများသည် ဇန်နဝါရီ ၉ ရက် နံနက် ၈ နာရီက ဓာတ်အားလိုင်းနှင့်လွတ်ကင်းမှုမရှိသော သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခဲ့ကြသည်။

ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် တမ္ပဝတီရပ်ကွက်ရှိ အောင်မာဃလမ်း၊ အဝေရာလမ်းနှင့် အနောက်မြို့ပတ်လမ်းအတွင်း ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများကို ယာဉ်ယန္တရားအသုံးပြု၍ ခုတ်ထွင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

### ရဲလုပ်ထုံးလုပ်နည်းနှင့် ကျား/မအခြေပြု အကြမ်းဖက်မှုဆိုင်ရာ သင်တန်းဖွင့်လှစ်

**မန္တလေး**
တရားစီရင်ရေးဆိုင်ရာ ရဲလုပ်ထုံးလုပ်နည်းနှင့် ကျား/မအခြေပြု အကြမ်းဖက်မှုဆိုင်ရာသင်တန်း အမှတ်စဉ် (၁/၂၀၁၉) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမျိုးအောင်က ကလေးသူငယ်မှုခင်းများနှင့် ကျား/မ အကြမ်းဖက်မှုဆိုင်ရာ မှုခင်းများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေး ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်တတ်စေရန်ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ခရိုင်အတွင်းရှိ တပ်ဖွဲ့ဝင်အရာရှိ အခြားအဆင့် ၂၀ ဦးတို့ တက်ရောက်လျက်ရှိပြီး ဇန်နဝါရီ ၁၈ ရက်ထိ ဖွင့်လှစ်သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

Times City

Crown Advanced Construction Co.,Ltd
မှတာဝန်ယူတည်ဆောက်ပေးသော

Times City ၏

- Hilton Yangon Hotel
  လက်မှတ်ရေးထိုးပွဲ အခမ်းအနား
- Jewellery Mall နှင့် Times Mall ရှိရုံးခန်း၊ဆိုင်ခန်းများအား
  ငှားရမ်းမိတ်ဆက်ပွဲ အခမ်းအနား
- အကြီးမားဆုံးကုန်စည်ပြပွဲ ခင်းကျင်းပြသခြင်း

တို့အား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်
ဖြစ်ပါသောကြောင့် အများပြည်သူလာရောက်ကြည့်ရှု
လေ့လာနိုင်ပါကြောင်း ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

* ကျင်းပမည့်နေ့ရက်နှင့်အချိန် *

- ၁၂.၁.၂၀၁၉ (စနေနေ့)
  နံနက်(၁၁:၀၀) နာရီမှ ညနေ (၅:၀၀) နာရီအထိ
- ၁၃.၁.၂၀၁၉ (တနင်္ဂနွေနေ့)
  နံနက်(၉:၀၀)နာရီမှ ညနေ (၅:၀၀)နာရီအထိ

* ကျင်းပမည့်နေရာ *

-Times City ၊ဟံသာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်၊
ကမာရွတ်/စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့ ။



Hilton HOTELS & RESORTS
VOLVO
AGB COMMUNICATION
SOUEAST
uab
S.A Lighting
FFF COMPANY
Mottama Trading Co., Ltd.
SCG
ABB
CHNT
BOSCH Invented for life
SR WORLDWIDE EDUCATION
GREE
Schneider Electric
AMC
B
bossini
FOSROC
HYUNDAI WACORTEC
LOLA
blackOut

# အထူးလိုက်လှဲစွာဂုဏ်ပြုဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၉)ဖြင့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးမောင်မောင်(ဥက္ကဋ္ဌ၊ Asia Express Group of Co.,Ltd)၏ ဇနီး **သုဓမ္မသိင်္ဂီ ဒေါ်သက်သက်နိုင်** (Director),Royal President Hotel, Zabu Thiri Hotel (Naypyitaw), Lamandaw Plaza Hotel (Yangon), Myanma Asia Yadanar Co.,Ltd (Managing Director),Yangon Book Plaza (Chairman)အား **"သီရိသုဓမ္မသိင်္ဂီ"** ဘွဲ့တံဆိပ်တော် ထပ်မံချီးမြှင့်ခံရခြင်းအတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အမျိုးဘာသာ သာသနာအကျိုးတို့ကို သက်ရှည်ကျန်းမာစွာဖြင့် ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

ဆရာတော်ဘဒ္ဒန္တကုန္ဒက
နိမ္မိတာရုံတပ်ဦးကျောင်းတိုက်
မြကန်သာဥယျာဉ်အိမ်ရာ၊ အမှတ်(၄)ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့

# အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ၄–ရက်၊၇၁–နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊နိုင်ငံတော်သမ္မတရုံး၏အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊သင်္ဃန်းကျွန်းမြို့နယ်၊ကြီးပွားရေးရပ်ကွက်၊ပုညနိမ္မိတာရာမ ရွှေသုဝဏ်ကျောင်းတိုက်၏ ပဓာနနာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တသဒ္ဓိယ အရှင်သူမြတ်အား **'အဘိဓဇမဟာရဋ္ဌဂုရု'**ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ဆရာတော်ကြီးသည် ဗုဒ္ဓစာပေအဖွဲ့ကို တည်ထောင်ခဲ့သူဖြစ်သည့်အပြင် ထေရဝါဒဗုဒ္ဓသာသနာတော်မှာ ဘုရားရှင် ဟောကြားတော်မူခဲ့သော ရှားပါးကွယ်ပျောက်လုနီးပါး ရှေးဟောင်းဓမ္မစာပေများကို ရှာဖွေစုဆောင်း၍ ပြန်လည်ပုံနှိပ်ဖြန့်ဝေခြင်းနှင့် **"မြေအုတ်တို့ပြိုလေရာ ကျောက်အုတ်တို့ဖြင့် တည်ဆောက်အံ့"** ဟူသော ရှေးဟောင်းဓမ္မဆောင်ပုဒ်အတိုင်း၂၀၁၁ခုနှစ် နိုင်ငံတော် သံဃမဟာနာယက ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်၊ ဆရာတော်ကြီးဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသနှင့်သာသနာ့ရေးဝန်ကြီးဌာန၊ ဝန်ကြီးနှင့်အရာရှိကြီးများ တာဝန်ပေးချက်အရ လွန်ခဲ့သောနှစ်(၆၀)ကျော်က ခဲစာလုံးဖြင့် ပုံနှိပ်ခဲ့သော ဆဋ္ဌသင်္ဂါယနာတင် အမွေအနှစ်ဖြစ်သော ပိဋကတ်သုံးပုံ ကျမ်းစာများကို ဆဋ္ဌမူအတိုင်း ခေတ်စနစ်နှင့်အညီ ကွန်ပျူတာစာစီစနစ်ဖြင့် ရိုက်နှိပ်နိုင်ရန် ပိဋကတ်သုံးပုံ ကျမ်းစာအတွဲပေါင်း (၄၀)၊ စာမျက်နှာ (၁၆၀၀၀)ကျော်ကို (၅)နှစ်ခန့်ကြာညောင်းသည်အထိ ရဟန်းရှင် လူဘာသာ သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ခဲ့သော ဆရာတော်ကြီးအား သာသနာတော်ဆိုင်ရာ အမြင့်ဆုံးဘွဲ့တံဆိပ်တော်ဖြစ်သည့် **'အဘိဓဇမဟာရဋ္ဌဂုရု'** ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်း ခံရသဖြင့် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဖော်ပြအပ်ပါသည်။

**'အဘိဓဇမဟာရဋ္ဌဂုရု'** ဘွဲ့တံဆိပ်တော်ရ ဒေါက်တာဘဒ္ဒန္တသဒ္ဓိယ ဆရာတော်ကြီး သက်ရှည်ကျန်းမာစွာဖြင့် ဘာသာသာသနာတော်အကျိုးကို ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း လေးမြတ်စွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးထွန်းထွန်း+ ဒေါ်ဝေဝေ
အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ
သီရိရောမဏိကျောက်မျက်ရတနာကုမ္ပဏီနှင့် မဟာရွှေဇမ္ဗူကုမ္ပဏီ

# အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉) (နတ်တော်လပြည့်ကျော် ၁၃ ရက်) တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂၀-၂၁)၊ ပြည်သာယာအိမ်ရာ၊ မြိုင်မာလာ (၂)လမ်း၊ (၁၅) ရပ်ကွက်နေ **ဒေါ်သန်းမြ**(နန့်ရှင်းရပ်၊ မိုးကောင်းမြို့၊ ကချင်ပြည်နယ်) (ထွန်းရတနာစိမ်း၊ ကျောက်စိမ်း၊ ကျောက်မျက်ကုမ္ပဏီလီမိတက်)အား (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ မင်္ဂလာအချိန်အခါသမယတွင် **သီဟသုဓမ္မသိင်္ဂီဘွဲ့**တံဆိပ်အား ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အမျိုးဘာသာ သာသနာအကျိုးများကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဖြစ်မြောက်ရေးကော်မတီ
မဟာသာသနာ့ဗိမာန်တော်ကြီး၊ ရန်ကင်းမြို့နယ်။
ရန်ကင်းမြို့နယ် မြို့မိမြို့ဖများ။

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

# အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

မေမေ **သီဟသုဓမ္မသိင်္ဂီ ဒေါ်ခိုင်ခိုင်ဦး** - မန်နေးဂျင်း ဒါရိုက်တာ (MMTM - မြတ်မေတ္တာမွန် ကုမ္ပဏီလီမိတက်) သည် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ (၄.၁.၂၀၁၉)တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)ဖြင့် "**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ**" ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ထပ်ဆင့်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အတိုင်းမသိ လေးစားဂုဏ်ယူမိပါသည်။ နောင်အနာဂတ်တွင်လည်း သက်ရှည်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် ချစ်ရသော ခင်ပွန်း၊ သား၊ သမီး၊ မြေး၊ မြစ်များနှင့်အတူ အမျိုးဘာသာသာသနာအကျိုးကို အလိုရှိတိုင်း ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း သားနှင့်သမီးတို့မှ မေမေ့အတွက် ဝမ်းမြောက်ပျော်ရွှင်စွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

| | | |
|---|---|---|
| ချစ်သားကြီး | - | Dr. ဝေယံဖြိုးပြည့်ဝင်း + မသြမြတ်ခင် |
| ချစ်မြေးလေး | - | မောင်ဘုန်းမြတ်ဝင်း |
| ချစ်သားငယ် | - | မောင်ထွဋ်ခိုင်ဝင်း + Dr. အေးငြိမ်းသူ |
| ချစ်သားထွေး | - | Dr. ထက်ခိုင်ဝင်း |
| ချစ်သားငယ်လေး | - | မောင်သန်းထိုက်ဝင်း |

## အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

သာသနာသုံးဖြာကို ပစ္စည်းလေးပါးဖြင့် အမြဲကျေးဇူးပြုနေသော သီလရှင်သာသနာကို အထူးချီးမြှောက်ထောက်ပံ့ပေးသော သာသနာ့ဖခင်ဒါယကာကြီး **ဦးအောင်သန်းစိန်**အား **သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ကို ထပ်ဆင့်ချီးမြှင့်ခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်ရပါကြောင်းနှင့် ပေး၍မကုန်လှူ၍မခန်းဘဲ ဘေးဘယာဝေးကွာစွာ လူမျိုးဘာသာ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**သာသနဓဇသီလရှင်စာသင်တိုက်**

**အမှတ်(၄)ရပ်ကွက်၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့၊ ပဲခူးတိုင်းဒေသကြီး**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၄-၁-၂၀၁၉ (လွတ်လပ်ရေးနေ့)၌ အောင်ရတနာကျောင်း၊ သန်းရတနာကျောင်းတို့၏ ကျောင်းဒကာကြီး ဦးအောင်သန်းစိန်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ချီးမြှင့်သော (သီဟသုဓမ္မမဏိဇောတဓရ)ဘွဲ့ကို ထပ်ဆင့်ပေးအပ်ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင်ဝမ်းမြောက်မိပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာအတွက် ပိုမိုပံ့ပိုးထောက်ကူ လှူဒါန်းမှုများ ပြုလုပ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**သမိဒ္ဓေါဒယအောင်သပြေစာသင်တိုက်၊**

**စားတိုး၊ မြို့ပြင်ကြီး၊ မြစ်ငယ်မြို့၊**

**အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။**

## "လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း"

၂၀၁၉-ခုနှစ်၊ ဇန်နဝါရီလ(၄)ရက် "လွတ်လပ်ရေးနေ့"တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးမှ ဗုဒ္ဓမြတ်စွာသာသနာ နေပမာလဝန်းထွန်းလင်းတောက်ပတည်တံ့စေရန်ရည်ရွယ်၍ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများနှင့် အထူးအားဖြင့် သီလရှင်သာသနာတော်အတွက် ကျေးဇူးအထူး ကြီးမားလှသော သီလရှင်အပေါင်းတို့၏ ဒုတိယဖခင်ကြီး အစ္စရိယ အဗ္ဘုတဒါယကာကြီး **ဦးအောင်သန်းစိန်**(ဒါရိုက်တာအဖွဲ့ဝင်၊ အိသစ္စာကုမ္ပဏီ)အား **"သီဟသုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ထပ်ဆင့်ချီးမြှင့်ခဲ့သည့်အတွက် ဝမ်းမြောက်ဝမ်းသာစွာဂုဏ်ယူပါကြောင်းနှင့် ရှေ့ဆက်၍ ရွှင်လန်းကျန်းမာစွာဖြင့် သာသနာ့အကျိုးဆတက်တိုး၍ သည်ပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဒေါ်ဘဒ္ဒညာဏီ**

**ငြိမ်းချမ်းရွှေပြည်သာသနာပြုသီလရှင်စာသင်တိုက်**

**တာချီလိတ်မြို့၊ ရှမ်း/အရှေ့**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

သာသနာ့ဒါယကာကြီး

**ဦးအောင်သန်းစိန်**အား

၂၀၁၉-ခုနှစ်၊ ဇန်နဝါရီလ (၄) ရက် (လွတ်လပ်ရေးနေ့)တွင်

နိုင်ငံတော်သမ္မတမှ အပ်နှင်းသော

**သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့ကိုထပ်ဆင့်ရရှိသည့်အတွက်

ဝမ်းမြောက်ဝမ်းသာရှိပါသည်။

**သမိဒ္ဓေါဒယ**

**အသောကရာမသီလရှင်စာသင်တိုက်**

**မင်္ဂလာဒုံမြို့နယ်။**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

သာသနာ့နွယ်ဝင် သီလရှင် ဆရာကြီး၊ ဆရာလေးများကို အထူးချီးမြှောက်အားပေးထောက်ပံ့လှူဒါန်းနေသော သာသနာ့ဒါယကာကြီး **ဦးအောင်သန်းစိန်** (ဒါရိုက်တာအဖွဲ့ဝင်၊ အိသစ္စာကုမ္ပဏီ)သည် ၂၀၁၉ ခုနှစ်၊ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ချီးမြှင့်သော **သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ကို ထပ်ဆင့်ချီးမြှင့်အပ်နှင်း ခံရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်ပါသည်။

သက်ရှည်ကျန်းမာ စိတ်ချမ်းသာ၍ လိုရာဆန္ဒပြည့်ဝပါစေ။

**သမိဒ္ဓေါဒယ မဥ္ဇူသကစာသင်တိုက်၊ မုံရွာမြို့။**

ဒဂုံမြို့သစ်
(တောင်ပိုင်း)၊(ဆိပ်ကမ်း)
မြေကွက်များဝယ်လိုသည်
ဖုန်း -0943075129

ကိုကျော်နိုင်
CAR RENTAL
စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန်
ALPHARD, HIACE (အစရှိသော)
ကားအမျိုးမျိုးကို ငှားရမ်းနိုင်ပါသည်။
09 25 358 2510
09 515 8803
https://www.facebook.com/kyawpanda

RUBY ကားအငှားလုပ်ငန်း
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄)စီးစု၊ (၂၂)စီးစု Saloon, Van ကားမျိုးစုံငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

### အမည်ပြောင်း

ရွှေပြည်သာမြို့နယ်၊ သံဒင်းမှ အဖ ဦးသိန်းထွန်း[၁၂/ရကန(နိုင်)၀၁၄၅၁၉]၏သမီး မတင်မိုးခိုင်အား မသန္တာထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မသန္တာထွန်း**




09 515 7160
09 96 515 7160
09 76 515 7160

အဆောက်အဦငှားမည် - ၈၅ ပေ x ၄၇ ပေ (၄ထပ်တိုက်)၊ ကားပါကင် 2100 Sqft
ကမ္ဘာ့အေးဘုရားလမ်း၊ ကုက္ကိုင်းခုံး ကျော်တံတားထိပ်အစ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
New World Office Page ထဲသို့ အသေးစိတ်သိရှိနိုင်ရန် ဝင်ရောက်ကြည့်ရှုစေလိုပါသည်

### အမြန်ရောင်းမည်

ပြင်ဦးလွင်၊ အနီးစခန်း၊ လျှံရိပ်ငြိမ်လမ်းမကြီး၊ ခရေ(၁)လမ်း၊ ပေ(၁၂၀×၉၀)၊ ဂရန်မြေ။ သိန်း (၁၀၀၀)၊ ညှိနှိုင်း
ဖုန်း-၀၉-၉၆၅၀၇၂၈၉၃

ပရိဘောဂအပြည့်အစုံ ကိုယ်ပိုင်ကားပါကင်၊ **ကွန်ဒိုငှားရန်ရှိသည်**
အားကစားခန်းမ၊ ဓာတ်လှေကား၊ မီးစက်ပါသည်။ လစဉ်ထိန်းသိမ်းစ၊ WiFi, Skynet များပါဝင်သည်။
Jewel Residence၊ ရန်ကင်းမြို့နယ်။ (21 lakhs per month) ဆက်သွယ်ရန် -0943043111, 09785858575

## ဆော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ

အဆင့်မြင့် စတီးဘလိတ်စားသွားဆူးကြိုးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊
(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

## BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ

အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ ဗီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁-)အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ဗဟန်းမြို့နယ်။
Ph: 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
အရောင်းခန်းမ(၂) - တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ဗညားဒလလမ်း။
Ph: 09-5425251, 09-73225484
အရောင်းခန်းမ(၃) - အမှတ်(၂၄၈)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရေနံဆောင်ဘဏ်ဘေး၊ တာမွေမြို့နယ်။
Ph: 09-5076661, 09-5076662, 09-5076663

## ALEX Fashion Designer Group

### အဆင့်မြင့်ဒီဇိုင်းပညာနှင့် စက်ချုပ်ပညာဒါနသင်တန်း

- ❈ နိုင်ငံတကာအဆင့်မြင့်ဒီဇိုင်းသီအိုရီများကို အခြေခံမှစ၍ အဆင့်မြင့်ပညာရပ်များကို စာတွေ့ လက်တွေ့ စနစ်တကျ နားလည်းတတ်ကျွမ်းသည်အထိ သင်ကြားပေးလျက်
- ❈ တစ်ပိုင်တစ်နိုင် ကိုယ်ပိုင်လုပ်ငန်းဖြင့် ရပ်တည်လိုသူများ
- ❈ လုပ်ငန်းခွင့်သို့ ကျွမ်းကျင်အဆင့်မြင့်ဝင်ရောက်လိုသူများ
- ❈ မိမိစိတ်ကူးထဲမှ Design များကို နည်းစနစ်မှန်ကန်သေသပ်လှပစွာ ဖန်တီးလိုသော ဒီဇိုင်နာများ
- ❈ အချိန်တိုအတွင်း Design ပညာရပ်ကို သင်ယူလိုသူများအတွက်
- ❈ Design Pattern, Cutting, Saw များမှ Production အထိ တိကျစွာ စနစ်တကျ တီထွင်ဖန်တီးနိုင်ရန်ရည်ရွယ်၍ အခြေခံဒီဇိုင်းနှင့် စက်ချုပ်ပညာဒါန သင်တန်းအမှတ်စဉ် (၂၄)ကို ဖွင့်လှစ်မည်ဖြစ်ပါ၍ တက်ရောက်လိုသူများ ၁၉-၁-၂၀၁၉ ရက် နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ပါသည်။

**(လူဦးရေကန့်သတ်ထားပါသည်။)**

**တိုက်(၁၂၀)၊ အခန်း(၂၃)၊ အင်းစိန်လမ်းမကြီး၊ (၉) ရပ်ကွက်။ လှိုင်မြို့နယ်၊ (သုခမှတ်တိုင်အနီး)**

**ဖုန်း-၀၉-၅၁၉၃၀၅၆၊ ၀၉-၄၄၃၀၁၆၀၈၄၊ ၀၉-၂၅၃၂၃၈၃၃၄**

**တော တောင် ပျက် ပြုန်း မြေ ဆီ သုဉ်း ၏**


SPEEDTEST AWARDS
by OOKLA
FASTEST MOBILE NETWORK
2018
ooredoo
ပျော်ရွှင်ခံစား အင်တာနက်စွမ်းအား
မြန်မာ့အမြန်ဆုံး 4G ကွန်ရက်
မြို့နယ်ပေါင်း ၃၀၀ ကျော်ကို ဖြန့်ကြက်
Fastest average download speeds for tests taken on 4G and the Speedtest Award winner for overall network speed. Based on analysis by Ookla® of Speedtest Intelligence® data for Q2-Q3 2018. Ookla trademarks used under license and reprinted with permission.

## စိုက်ပျိုးရေးရုံးချုပ်ဝန်ထမ်းဟောင်းများအသင်း (၁၀)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ ဖိတ်ကြားခြင်း

ခေတ်အဆက်ဆက် စိုက်ပျိုးရေးရုံးချုပ်တွင် သက်ပြည့်+နှစ်ပြည့် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၇၅)နှစ်နှင့်အထက် ဝန်ထမ်းဟောင်းများအား (၁၀)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ ကျင်းပပါမည်။ဝန်ထမ်းဟောင်းများ၊ စိုက်ပျိုးရေးဦးစီးဌာနတွင် လက်ရှိတာဝန်ထမ်းဆောင်နေဆဲ ဝန်ထမ်းများ၊ အသင်းဝင်များ၊ အသင်းမဝင်ရသေးသူများ၊ အားလုံး စုံညီစွာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ တစ်ဦးချင်းဆီသို့ ဖိတ်စာသီးခြားပေးပို့ရန် ခက်ခဲမှုများရှိပါသဖြင့် ဤကြော်ငြာကို တွေ့ရှိပါက ဖိတ်စာအဖြစ်မှတ်ယူ၍ လက်ဆင့်ကမ်းသိစေလိုပါသည်။

ကျင်းပမည့်နေ့ - ၂-၂-၂၀၁၉ (စနေနေ့)
ကျင်းပမည့်အချိန် - မွန်းလွဲ ၁ နာရီ
ကျင်းပမည့်နေရာ - မျိုးစေ့ဌာနခွဲ၊ ခန်းမဆောင်၊ ကြို့ကုန်း၊ အင်းစိန်လမ်းမကြီး၊ ရန်ကုန်မြို့။
လမ်းညွှန် - YBS-၁၅၊ ၁၆၊ ၂၁၊ ၃၉၊ ၄၁၊ ၆၅၊ ၆၈၊ ၇၈၊ ၈၈ စီး၍ ဘီ-ပီ-အိုင် မှတ်တိုင်ဆင်းပါ။

**အလုပ်အမှုဆောင်အဖွဲ့**

## မင်္ဂလာဇေတ္တာဇျူဟာအသင်းချုပ်

### (၆၂)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အာဇာနည်လမ်း၊ မင်္ဂလာဇျူဟာ အသင်းချုပ်၌ (၆၂)နှစ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များအားလုံး ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ အောက်ပါအစီအစဉ်အတိုင်း မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

